

SAMPLE BOOK
ဂျွန်မနင့်
မျက်နှာဖုံးစွပ်ထားသော
ကြောင်လေးများ
ထက်မြတ်နိုင်ဇင်
Ancient
mgyoe.com

mgyoe.com

SAMPLE BOOK

- တက္ကသိုလ်မှ -

  အဆောင်နေ ကျောင်းသူဘဝ အတူနေ သူငယ်ချင်းများအား

  သတိတရ ရေးဖွဲ့ထားသော...

- လူမှုဝန်းကျင်က -

  ဆယ်ကျော်သက် မိန်းမပျိုများ၏ ဖြစ်တည်မှုတိုင်းကို

  ကွယ်ဝှက်သိမ်းဆည်း မထားဘဲ အရှိအတိုင်း ဟင်းလင်းဖွင့်ပြထားသော...



ကျွန်မနှင့်

မျက်နှာဖုံးစွပ်ထားသော

ကြောင်လေးများ


ထက်မြတ်နိုင်ငင်

Me & masked cats_ 6000MMK

4 472682 676075

mgyoe.com

mgyoe.com SAMPLE BOOK



ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပထမအကြိမ် | - | မေလ၊၂၀၂၃ ခုနှစ်၊ ဇလပ်နီစာပေ |
| ကျွန်မနှင့် မျက်နှာဖုံးစွပ်ထားသော ကြောင်လေးများ | - | ထက်မြတ်နိုင်ဇင် |
| မျက်နှာဖုံးဒီဇိုင်း | - | ***Ancient*** |
| စာတည်း | - | ဇသစ်ထွန်း |
| အတွင်းအပြင်အဆင် | - | ဇလပ်နီ |
| စာအုပ်ချုပ် | - | မျိုးမျိုးစာအုပ်ချုပ်လုပ်ငန်း |
| အုပ်ရေ | - | ၇၀၀ |
| ဖြန့်ချိရေး | - | ဇလပ်နီစာပေ<br>၀၉၈၉၉၆၄၀၆၆၈ ၊ ၀၉၄၄၇၂၆၈၂၆၇<br>***www.zalatnisarpay.com*** |
| ရောင်းဈေး | - | ၆၀၀၀ ကျပ် |

ဦးမင်းထက်တန်၊ တောင်ဇလပ်နီစာပေ (၀၂၇၇၄) က ထုတ်ဝေ၍ ဒေါ်မျိုးမျိုးသန့်၊ မျိုးမျိုးပုံနှိပ်လုပ်ငန်း၊ (၀၁၅၃၃)၊ အမှတ်(၁၁)၊ ၅၆ ထပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

၀၀၈.၈၄

ထက်မြတ်နိုင်ဇင်

ကျွန်မနှင့် မျက်နှာဖုံးစွပ်ထားသော ကြောင်လေးများ၊

ထက်မြတ်နိုင်ဇင်- ရန်ကုန်။

ဇလပ်နီစာပေတိုက်၊ ၂၀၂၃။

စာ-၁၇၆ ၊ ၁၃ × ၂၁ စင်တီ

(၁) ကျွန်မနှင့် မျက်နှာဖုံးစွပ်ထားသော ကြောင်လေးများ၊


mgyoe.com

mgyoe.com SAMPLE BOOK

တက္ကသိုလ်မှ–

အဆောင်နေ ကျောင်းသူဘဝ အတူနေ သူငယ်ချင်းများအား သတိတရ ရေးဖွဲ့ထားပါသည်။

လူမှုဝန်းကျင်က–

ဆယ်ကျော်သက် မိန်းမပျိုများ၏ ဖြစ်တည်မှုတိုင်းကို ကွယ်ဝှက်သိမ်းဆည်း မထားဘဲ အရှိအတိုင်း တင်းလင်း ဖွင့်ပြထားပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

လူတွေက ပြောကြတယ်...
အချစ်စစ် အချစ်မှန်တိုင်းဟာ
အခန်းထောင့်မှာ ပုန်းကွယ်နေတယ်တဲ့...။

ဒီအတိုင်း ဆိုရင် ငါက စက်ဝိုင်းတွေကို ပတ်ပြီး လျှောက်ရှာနေရတဲ့ လူလား မသိဘူး...။ ...

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁ )

ဟိုးခပ်ဝေးဝေးမှ လင်းခနဲ ဖြစ်သွားသော ဆလိုက်မီးရောင်ကြောင့် သင်္ဘော လာနေပြီကို ကျွန်မ သိလိုက်၏။ ထင်သည့် အတိုင်းပင်။ ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော 'ဗလမင်းထင်' အမည်ရှိ နှစ်ထပ်ခွဲ သင်္ဘောကြီးက ဆိပ်ကမ်းသို့ တအိအိ တရွေ့ရွေ့ ဆိုက်ကပ်လာတော့သည်။

သင်္ဘောနှင့် ဆိပ်ခံဘောတံတား ဒုတ်ဒုတ်ထိလိုက်သည်နှင့် သင်္ဘောပေါ်မှ ဆင်းလာသည့် ခရီးသည်များ၊ သင်္ဘောပေါ်သို့ တက်သွားသည့် ခရီးသည်များဖြင့် ဆိပ်ကမ်းတခုလုံး စည်ကားသွားသည်။ ကုန်တင်ကုန်ချ အလုပ်သမားများကလည်း လျှပ်စစ်မီးချောင်းရောင် မှိန်မှိန်အောက်တွင် ကုန်ပစ္စည်းများကို အတင်အချ ပြုလုပ်ဖို့ စိတ်စောနေကြပုံဖြင့် အလုအယက် တိုးတိုးဝှေ့ဝှေ့...။ သင်္ဘောက အချိန်အနည်းငယ်သာ မြောင်းမြမြို့ဆိပ်ကမ်းမှာ ဆိုက်ကပ်သည်မို့ ပုသိမ်ကနေ မြောင်းမြသို့ တင်ပေးလိုက်သော ကုန်ပစ္စည်းများကို ကုန်တင်ကုန်ချအလုပ်သမားများကခပ်သွက်သွက်ကမ်းပေါ်တင်နေကြသည့် မြင်ကွင်းကို ဘာရယ်မဟုတ် ကျွန်မ ငေးကြည့်နေမိ၏။

မြောင်းမြမှ ရန်ကုန်သို့ သင်္ဘောဖြင့် လိုက်ပါကြမည့် ခရီးသည်များကလည်း တယောက်နှင့် တယောက် လူလုံးချင်း ထိခတ်တိုးကြိတ်လျက်...။ သူများနှင့် လုရသည်ကို ရှက်တတ်သော ကျွန်မကတော့ လူရှင်းမှ အေးရာအေးကြောင်း တက်ဖို့ ဆုံးဖြတ်ထားသည်။

ကြည့်ရင်းငေးရင်းနှင့်ပင် အချိန်က တဖြည်းဖြည်း ကုန်သွား၏။ လက်မှ နာရီကို ကြည့်လိုက်သောအခါ ည ၈ နာရီ ၄၅ မိနစ်ခန့် ရှိနေပြီ။ ဒါနှင့် ကျွန်မ ခရီးဆောင် သေတ္တာကို ဆွဲလျက် သင်္ဘောဆိုက်ကပ်ထားရာဆီသို့ ဦးတည်လိုက်သည်။ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းတက်လိုက်စဉ်-

"ဟဲ့... ဟဲ့ မြတင်လေး... ဖြည်းဖြည်းတက်ပါဟဲ့။ မတော်တဆ ရေထဲ



mgyoe.com

mgyoe.com SAMPLE BOOK

မိုးထဲ ပြုတ်ကျနေမှဖြင့်"

ကျွန်မကို လိုက်ပို့ပေးသော အဒေါ်အပျိုကြီး၏ အသံက စိုးရိမ်စိတ်ဖြင့် တော်တော် ကျယ်သွားသည်။ ဘေးလူတွေက ကျွန်မကို ဝိုင်းကြည့်နေကြသည် ဟု ကျွန်မ ခံစားရသည်။ ဝိုင်းကြည့်နေကြသူများထဲတွင် ကျွန်မနှင့် ရွယ်တူ ယောကျ်ားလေးများ ရှိနေနိုင်သဖြင့် ကျွန်မ ရှက်သွားမိသည်။ သင်္ဘောဆိပ်ထဲ စဝင်ကတည်းက-

"ကျွန်မကို မြတင်လေး လိမ်လိမ်မာမာနေနော်။ စာကြိုးစားနော် မြတင်လေး" စသဖြင့် ကျွန်မ မကြိုက်သော နာမည်ကြီးကို ထပ်တလဲလဲ ခေါ်ကာ တရစပ် စကားများနေသော အဒေါ်ကို တော်တော် စိတ်ပျက်နေပြီမို့ မှုန်တေတေဖြင့် ပြန်ကြည့်လိုက်သည်။ အဒေါ်က ကျွန်မ၏ စူပုပ်ပုပ် အကြည့်ကို သဘောပေါက်သွားသည် ထင်သည်။ ဘာမှ ထပ်မပြောတော့ဘဲ စကားရှိန်ကို တန့်လိုက်၏။ အဒေါ်က  ကျွန်မကို သင်္ဘောဦးပိုင်းရှိ ဆလွန်းခန်းထဲထိ လိုက်ပို့ပြီးနောက် နှုတ်ဆက်ကာ ပြန်တော့မည်ဖြစ်ကြောင်း ပြောသည်။ စိတ်တိုနေ၍ ကျွန်မလည်း ခပ်သွက်သွက်ပင် ခေါင်းညိတ်ပြလိုက်သည်။ ဒါတောင် ပြန်ခါနီး-

"မြတင်လေး.. အစစ အရာရာ ဂရုစိုက်နော်၊ ဒေါ်ကြီး စိတ်ချမယ်နော်"

ဟု ကျွန်မနာမည်ကို တခွန်းခေါ်ကာ ပြောသွားသေးသည်။ ပြီးတော့ အသံက နယ်ကလူပီပီ ပွင့်ပွင့်လင်းလင်းနှင့် အကျယ်ကြီး...။ ဘေးက ကျွန်မနှင့် ရွယ်တူ လူငယ်တသိုက်ဆီမှ လှောင်ပြောင်ရယ်မောသံ ခပ်တိုးတိုး ကြားလိုက်ရ၏။ သိပါသည်။ သူတို့  အဒေါ် ခေါ်နေသည့် ကျွန်မနာမည်ကို အထူးအဆန်းဖြစ်ကာ လှောင်ပြောင်နေခြင်းပဲ ဖြစ်မည်။ အဲသည်လို အလှောင်ခံရတိုင်း ကျွန်မ ရှက်သည်။ ကျွန်မ  စတိတ်ကျောင်းသူ ဘဝကတည်းက ထို အဒေါ်၏ အုပ်ထိန်းမှုအောက်မှာပင် နေခဲ့ရသောကြောင့် ထိုအခေါ်အဝေါ်သည် ကျွန်မ နားထဲတွင် ခဏခဏ ကြားနေကျ ဖြစ်သည်။ သို့သော် ကျွန်မနှင့် မယဉ်ပါး။ ကြယ်စင်၊ လဝင်း၊ ဖူးငုံ စသဖြင့် နာမည်လှလှ တခြားရွယ်တူ ကျောင်းသူများရှေ့ ဆိုလျှင် ကျွန်မ ရှက်နေတုန်းပင်။ ထိုသို့ ရွယ်တူချင်းကြား အရှက်ကွဲရသည့် အကြိမ်အရေအတွက်က မနည်းတော့ပြီမို့ ကျွန်မ အဒေါ်ကို ထိုနာမည် ခေါ်သံနှင့် ပတ်သက်၍ တော်တော် စိတ်ပျက်နေခဲ့မိသည်။ အဒေါ် ဖြစ်သူ နှုတ်ဆက်သည်ကိုပင် ပြီး... ပြီးရော ခေါင်းညိတ်ပြလိုက်သည်။ သင်္ဘောထွက်ခွာ ဥသြဆွဲသံကို ကြားမှ အဒေါ်က သင်္ဘောပေါ်မှ ပြန်ဆင်းသွားသည်။

ကျွန်မကလည်း ဘာလို့များ အဲသည်နာမည်အပေါ် တအား အလာဂျစ် ဖြစ်မှန်းမသိ။ အဲသည်နာမည်ကို ကြားတိုင်း ကျွန်မ ဘာကို စိတ်ဆိုးမှန်း

mgyoe.com

mgyoe.com SAMPLE BOOK

မသိ စိတ်ဆိုးသည်။ ဘာလို့ စိတ်ဆိုးတာလဲဟု မေးလျှင် ကျွန်မ ပြန်မဖြေတတ်။ သို့သော် ကျွန်မ အလွန်စိတ်ဆိုး၏။

ကျွန်မတိုလီမိုလီပစ္စည်းများထည့်ထားသောပလပ်စတစ်ခြင်းတောင်းနှင့် ခရီးဆောင်အိတ်ကို နေရာချပြီး အခင်း ခင်းလိုက်၏။ ဆလွန်းခန်းထဲတွင် ကျွန်မနှင့်အတူ အခြားခရီးသွားတချို့လည်း ရှိနေကြသည်။ သဘော်ဥသြဆွဲသံ ၃ ချက်ခန့် ကြားအပြီး လူများ တဖွဲဖွဲ ထပ်ရောက်လာကြရာ အခန်းတခုလုံး ပြည့်သွားသည်။

ကျွန်မလည်း ဘာမှ မယ်မယ်ရရ လုပ်စရာ မရှိသည့် အတူတူ လူတွေ၏ လှုပ်ရှားပြုမူပုံများကို အပျင်းပြေ ငေးကြည့်နေလိုက်သည်။

ကျွန်မနှင့် မနီးမဝေးတွင် အသက်ငါးဆယ်ကျော်အရွယ် အမျိုးသမီးနှစ်ယောက်ကို တွေ့ရ၏။ တယောက်က ငုတ်တုတ်ကြီး ထိုင်ကာ ဖက်လိပ်ကြီးကိုမီးဖွားတွေ ရဲခနဲဖြစ်အောင်ဆင့်ကဲဆင့်ကဲအားရပါးရဖွာရှိုက်နေလေသည်။ လက်တဖက်က ဖက်လိပ်ကို ကိုင်ကာ ကျန်လက်တဖက်က သဘော်ဦးပုံစံ ငါးသေတ္တာဘူးခွံကို မီးပွား မကျအောင် အောက်က ခံပြီး ကိုင်ထားသည်။

ထိုအဒေါ်ကြီးကို မြင်သောအခါ ဘာမဆိုင် ညာမဆိုင် အမေဘက်မှ တော်စပ်ရသော တောက ကျွန်မ၏ ကြီးတော်ကြီးကို သတိရသွားမိသည်။ ကြီးတော်ကြီးလည်း ထိုအတိုင်းပင်။ သူ ဖက်လိပ်ဖွာသည့်အခါ ငုတ်တုတ်ထိုင်ပြီး ဖွာမှ အားရသည်ဟု ပြောဖူးသည်။ ဘာကြောင့်လဲတော့ ကျွန်မလည်း မသိ။ အဲ... ကျွန်မ မသိသလို သူကလည်း သိအောင် မရှင်းပြတတ်ခဲ့။ သူလည်း သူ့ကိုယ်သူ ဘာကြောင့် ငုတ်တုတ်ထိုင်ရခြင်းကို သိပုံ မရ။

အဒေါ်ကြီး၏ဘေးက နောက်ထပ် အမျိုးသမီးတယောက်ကတော့ ပုတီးတကုံး ကိုင်ကာ ပါးစပ်မှ ပွစိပွစိနှင့် ဘာကို ရွတ်နေမှန်း မသိချေ။ ဆီမန်းမန်းသလို တရစပ်ကို ရွတ်နေသည်။ ပြီးတော့ သူမက ကျန်လက်တဖက်ဖြင့် ခြေထောက်ကိုလာနားနေသောခြင်များကိုလည်းတဖြန်းဖြန်း ရိုက်နေသေး၏။

ထိုအချိန်မှာပင် ကျွန်မနှင့် ဖက်လိပ်ကြီး ဖွာနေသော အဒေါ်ကြီးတို့ မျက်လုံးချင်း ခလုတ်တိုက်မိကြသည်။ အဒေါ်ကြီးက မျက်မှောင်ကုတ်ကာ...

"ဟဲ့... ကလေးမလေး။ ညည်း တယောက်တည်းလား။ နာမည် ဘယ်လို ခေါ်လဲ။ ဘယ်ကို သွားမှာလဲကွယ့်"

အဒေါ်ကြီး၏ စပ်စပ်စုစု အမေးကြောင့် ကျွန်မ မျက်မှန်ကို ချွတ်ပြီး မှန်ပြားကို သုတ်ဖို့ ပြင်ရာမှ ရုတ်တရက် ကြောင်သွားပြီး ခဏ ငြိမ်နေမိသေးသည်။

mgyoe.com

m g... SAMPLE BOOK

"ဩော်... ဟုတ်ကဲ့။ သမီး တယောက်တည်းပါ အဒေါ်။ နာမည်က မေမိမြဖူးတင်ပါရှင့်။ တက္ကသိုလ် တက်ရမှာမို့ ရန်ကုန်သွားတာပါရှင့်"

ကျွန်မ ထိုအဒေါ်ကြီး၏ အမေးကို အစီအစဉ်တကျ ပြန်ဖြေလိုက်၏။

အဒေါ်ကြီးက ကျွန်မ၏ အဖြေကို ကြားသောအခါ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ပါးစပ်မှ ဖက်လိပ်ကြီးကို ဖယ်ကာ-

"ဟယ်... ခေတ်ကာလ သားသမီးတွေများ တယ်ခက်တာကိုး။ လူကြီးမပါ ဘာမပါနဲ့။ ဘယ့်နှယ့် မိန်းကလေး တယောက်တည်း ညကြီးမိုးချုပ် ခရီးသွားရတယ်လို့ကွယ်။ ကြဲ့... ကြဲ့ဖူးပေါင်တော်..."

ဟု ခေတ်ဟောင်းရုပ်ရှင်သရုပ်ဆောင် ဒေါ်မြလေး၏ လေသံဖြင့် ပြောပြီး မီးငြိမ်းစပြုသွားသော ဖက်လိပ်ကို အတင်းဖိဖွာနေတော့သည်။ ဒါနှင့် ကျွန်မလည်း ဘာမှ ပြန်မပြောဘဲ နှုတ်ဆိတ်ကာ တခြားလူများဆီ ကြည့်နေလိုက်၏။

ထိုအဒေါ်ကြီး၏ ဘေးဘက် ခပ်လှမ်းလှမ်းမှာကား လူတယောက် ဟောက်သံ တခေါခေါ တခွီးခွီးနှင့် အိပ်မောကျနေသည်။ တချက်တချက်မှာလည်းသူ၏ပြောင်လွှန်းလှသည့်ထိပ်ကို (ဆံပင်မရှိဘဲ) ကုတ်လိုက်သေး၏။

ထိုအဒေါ်ကြီးကပဲ မဆီမဆိုင် ပြောလိုက်ပြန်လေသည်။

"အံမလေးတော်... ဟို ကာလနဂါး ကိုထိပ်ပြောင်ကလဲ အိပ်နေလိုက်တာ ဆိုတာ ခုနစ်ရက် ခုနစ်လီ ဘယ်အသုဘအိမ်များ ဖဲလိုက်ရိုက်နေတယ် မသိဘူး။ သိုးနေတာပဲ ဟင်း... မပြောလိုက်ချင်ဘူး..."

အဒေါ်ကြီးက မပြောချင်ပါဘူးဟု ဆိုသော်လည်း ရှုံ့ကာမဲ့ကာနှင့် ပြောပြီးနောက် စောစောက အတိုင်းပင် ပြောင်းဖူးဖက်လိပ်ကြီးကို အတင်း ဖိဖွာနေပြန်၏။

ထိုတကြိမ်မှာတော့ ဘယ်လိုပဲ အားကုန်သုံးပြီး ဖွာနေဖွာနေ မီးက ရဲမလာတော့ပေ။ သည်တော့ အဒေါ်ကြီးက မီးခြစ်ကို ခြစ်ကာ မီးထပ်ညှိလိုက်၏။ မီးညှိပြီး ဖွာလိုက်သောအခါမှ မီးတောက်က ဟုန်းခနဲ ထတောက်လာသည်။ ဖူးခနဲ တချက် မှုတ်ငြိမ်းလိုက်ပြီး ဆက်ဖွာနေလေသည်။

ညာဘက် ခပ်လှမ်းလှမ်းမှာ လူနှစ်ယောက်က ဘောလုံးပွဲအကြောင်း ပြောနေကြသည်။ ခေါင်းပြားပြားကြီးနှင့် လူက ဒိုင်ခံ နားထောင်ရရှာပြီး နှာခေါင်း ပွပွ၊ အသားမည်းမည်း၊ ပါးပေါ်တွင် မှည့်နက်ကြီး၏တလုံး ရှိနေသည့်လူက ပြောပြနေခြင်း ဖြစ်သည်။

ထိုလူ့ကို ကြည့်ရသည်မှာ ဘောလုံးပွဲကို အလွန်ဝါသနာ ထုံပြီး ပြော

mgoe.com

mgyoe.com

သမျှကိုသာ ဗိုင်ခံ နားထောင်ပေးမည် ဆိုပါက တညလုံး မအိပ်ဘဲ ထိုင်ပြော မည့်ပုံ ရှိသည်။ သူက...

အရင်ကဆိုလျှင် မန်ချက်စတာအသင်းက ဘယ်လို၊ Real Madric အသင်းကစီရော်နယ်ဒို၏တိုက်စစ်ကဘယ်လိုလှကြောင်း၊ဘာစီလိုနာအသင်း က အရင်က ဆိုလျှင် ဘယ်လို ကောင်းတာတို့၊ မန်ယူနည်းပြ ဖာဂူဆန်က ဘယ်လိုတော်ကြောင်း စသဖြင့် အတိတ်ဟောင်းကို စမြုံ့ပြန်ပြီး ပြောနေသံ ကြားရ၏။

ဦးခေါင်းပြောင်းကြီးကတော့ အင်း... အဲ...နှင့် ထောက်ခံရင်း တချက် တချက် တဝါးဝါး သမ်းနေလေသည်။

ဖြုန်းဆို... လူတယောက် အပြင်သွားရန် ဆလွန်းခန်း တံခါးကို အဖွင့်...၊ လေကလည်း ဝေါခနဲ ဝင်အလာ...။ လေတချက် အဝှေ့တွင် စော စောက ပြောင်းဖူး ဖက်လိပ်ကြီးဆီမှ မီးပွားများ ရုတ်တရက် လွင့်စင်သွားသည် ကို တွေ့လိုက်ရ၏။ ဖြစ်ချင်တော့ လေကြောင်းကလည်း သင့်နေတာမို့ ဘော လုံးပွဲ အကြောင်းချည်း တရစပ် ပြောနေသော ဦးပွကြီး၏ ပုဆိုးထဲသို့ မီးပွား များ လွင့်ကျသွားတော့သည်။

"အမလေးဗျ။ ဖာကြီး... ဖာကြီး ဟ... သွား... ဟ... သွား..."

ဟု ဦးပွကြီးက အလန့်တကြား ဝရုန်းသုန်းကားနှင့် သူ့ပုဆိုးကိုအတင်း ခါထုတ်နေသည်။ အဒေါ်ကြီးက...

"အမယ်... သေချင်းဆိုး။ နင်ကပဲ ငါ့ကို ဆဲရသေးတယ်။ ဖာကြီးတဲ့။ မိုက်ရိုင်းလိုက်တာတော်။ ရုပ်နဲ့ လိုက်တယ်။ တကယ်ပါပဲ"

"ဟာ... ကန်တော့... ကန်တော့... အစ်မကြီးကို ဆဲတာ မဟုတ်ပါဘူး။ မန်ယူနည်းပြ ဖာဂူဆန်အကြောင်း ပြောနေတုန်း အစ်မကြီးဟာက ကျွန်တော့် ထဲဝင်လာတော့..."

"ဘာ... ငါ့ဟာကြီးလဲ။ ဆေးလိပ်မီးပွားလို့ ပြောစမ်းပါဟယ်။ ငါ့နှယ် စိတ်ညစ်လိုက်တာ"

အချေအတင် ပြောနေကြသော သူတို့၏ အပြန်အလှန် စကားများ ကြောင့် ဆလွန်းခန်းထဲမှ တခြားလူများ ပြုံးစိစိ ဖြစ်ကုန်ကြသည်။

ထိုစဉ် အဒေါ်ကြီး၏ဘေးမှ ပုတီးစိပ်နေသော အမျိုးသမီးက...

"အမလေး... မမရယ်။ ကြုံကြုံဖန်ဖန် ဘောလုံးပွဲ နည်းပြနာမည်ကလဲ ဖာကြီးတဲ့။ ရွံ့စရာလဲ ကောင်း၊ နားရှက်စရာလဲ ကောင်းပါရဲ့တော်။ ဘယ်လိုဟာ တွေလဲ မသိပါဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

ယောင်တတ်သူ ဦးပွကြီးကလည်း မျက်နှာလေး ငယ်သွားရင်း ဦးခေါင်းပြားကြီးဆီသို့ ပြန်လှည့်သွားပြီး သူပြောနေသော ဘောလုံးပွဲ အကြောင်းကို ဆက်ပြောနေပြန်သည်။

နားထောင်ပေးရသည့်သူလည်း အိပ်ချင်လွန်း၍ ထင်သည်။ မျက်လုံးတွေကို ပွတ်နေသည်မှာ နီရဲနေလေပြီ။ ပါးစပ်ကြီးကိုလည်း အားကုန်ဟကာ တဝါးဝါးနှင့် သမ်းလိုက်သေး၏။

သဘောၤက ည ၉ နာရီတွင် ဆိပ်ကမ်းမှ စခွာပြီမို့ လူအားလုံးလည်း ကိုယ့်နေရာတွင်ကိုယ် လှဲကာ အိပ်ကြတော့သည်။ ခဏအကြာတွင် ဆလွန်းခန်း တခုလုံး အသက်ရှူသံများ မှန်မှန်ထွက်ပေါ်လာ၏။

ကျွန်မက မအိပ်ချင်သေးသောကြောင့် အိမ်မှ ယူလာသည့် ဝတ္ထုစာအုပ်ကို ဖတ်နေလိုက်သည်။

ထိုအချိန်မှာတော့ ဦးခေါင်းပြားကြီးက ဘယ်လိုမှ တောင့်မခံနိုင်တော့ဘဲ ဖက်ကျိုးကျကာ အိပ်ပျော်သွားချေပြီ။ ဦးပွကြီးလည်း ပြောလက်စ ပွဲစဉ်က တန်းလန်းကြီးမို့ ဘယ်သူ့ကို ဆက်ပြောရမှန်း မသိသော ပုံစံဖြင့် ကျွန်မဆီကို ကြည့်ပြီး ပြုံးပြလေသည်။ ကျွန်မလည်း သူ့အပြုံးကို အလွယ်တကူပဲ သဘောပေါက်သွားသည်။ ချက်ချင်းပဲ ဖတ်လက်စ စာအုပ်ကို ဖြန်းခနဲ ပိတ်၊ ပါးစပ်မှ တချက် သမ်းပြလိုက်ပြီး စောင်ကို ဖြန့်ခြုံလိုက်ကာ-

"ဦးလေး... မအိပ်သေးဘူးလား။ အိပ်တော့လေ။ သမီးတော့ တအားအိပ်ချင်နေပြီ။ အိပ်တော့မယ်နော်။ Good Night"

ပြောပြီးပြီးချင်း ကျွန်မလည်း စောင်ကို ခေါင်းမြီးခြုံကာ အိပ်လိုက်တော့သည်။

ဦးပွကြီး၏ လေကို မည်မျှကြောက်သည် မသိ၊ မအိပ်ချင်သော စိတ်ပင် တကယ်အိပ်ချင်သွားပြီး အိပ်ပျော်သွား၏။ ဘယ်လောက်ထိ အိပ်ပျော်သွားသည် မသိ။ လူသံများ ကြားသောအခါမှ ကျွန်မလည်း လန့်နိုးလာသည်။ ကျွန်မ နေရာနှင့် ကပ်လျက်နေရာက လွတ်သွားလေပြီ။ ဝါးခယ်မမှာ ဆင်းမည့် ကျောင်းသူ ကောင်မလေးနှစ်ယောက် ဆင်းသွားပုံ ရသည်။

'သြော်... သဘောၤက ဝါးခယ်မမြို့ကို ဆိုက်တာပဲဖြစ်မည်' ဟု တွေးကာ ကျွန်မ မထဘဲ ဆက်လှဲနေလိုက်သည်။

ဆလွန်းခန်းထဲမှာလည်း ဘယ်သူမှ မနိုးကြဘူး ထင်သည်။ အသက်ရှူသံများမှ လွဲ၍ အားလုံး တိတ်ဆိတ်နေကြသည်။ ကာလနဂါး ထိပ်ပြောင်ကြီး၏ ဟောက်သံကတော့ စည်းချက်ညီစွာနှင့် မှန်မှန်ထွက်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုစဉ် ဖက်လိပ်သောက်သော အဒေါ်ကြီးဆီမှ-

"အံမယ်လေးတော်... သေပါပြီ သေပါပြီဟဲ့။ ဘယ်လိုဖြစ်လို့ ခြေထောက်ကို တက်နင်းရတာတုံး။ ဒီမှာ လူတယောက်လုံး အိပ်နေတာတောင် မမြင်ဘူးလား"

"ဟာ... ကန်တော့... ကန်တော့ပါ အဒေါ်"

ကျွန်မ ထိုအသံများကြား၍ မျက်နှာမှ စောင်ကို ဖယ်ကာ ကြည့်လိုက်တော့ လူတယောက် ခရီးဆောင်အိတ် တလုံးနှင့် ဝင်လာသည်ကို တွေ့ရ၏။ သူ့လက်ထဲမှာလည်း ဒူးရင်းသီးကြီးတလုံး ကိုင်ထားသေးသည်။

ထိုလူက ကျွန်မအနားက နေရာလွတ်အထိ ကုန်းကုန်းကွကွနှင့် လျှောက်ဝင်လာနေသည်။ အဒေါ်ကြီးက နှာခေါင်းရှုံ့ကာ-

"ဟင်... သူဝင်လာတာနဲ့ အရက်နံ့ကို ဟောင်သွားတာပဲ။ တော်သေးတယ်။ မူးမူးနဲ့ ငါ့လည်မျိုကို တက်မနင်းလို့။ မလွယ်ပါလား။ လူကြည့်တော့ လက်တောက်လောက်ရယ်။ တကယ်တည်း မပြောလိုက်ချင်ဘူး"

ဟု ပြောရင်း ထုံးစံအတိုင်း အိပ်နေရာမှ ငုတ်တုတ်ထထိုင်ကာ ဖက်လိပ်ကြီးကို မီးညှိပြီး ဖွာရှိုက်နေ၏။ အဒေါ်ကြီး၏ အပြောကို ထိုလူက ချက်ချင်း တုံ့ပြန်လိုက်သည်။

"ဟာ... ကျွန်တော့်ပါးစပ်က အရက်သောက်လာတာ မဟုတ်ရပါဘူးဗျာ"

"ဟင်... ပါးစပ်က သောက်မလာတော့ ဘယ်က လောင်းထည့်လာတာတုံး။ မင်းတို့လူငယ်တွေက ထွင်ကို ထွင်လွန်းပါတယ်တော်"

"ဗျာ... ဟာ ရှုပ်ကုန်ပါပြီ အဒေါ်ရာ။ ခဏလေး နေပါဦး။ နောက်မှ ရှင်းပြပါရစေ။ ဒီမှာ နေရာအရင် ခင်းပါရစေဦး"

ဟု ပြောကာ သူ့အိပ်ထဲမှ တာပေါ်လင်စ အခင်းကို ထုတ်ကာ ကျွန်မဘေးနားတွင် နေရာခင်းဖို့ မတ်တတ်ရပ်နေရာမှ ငုတ်တုတ်ထိုင်၏။ ထိုအချိန်မှာပင် သင်္ဘောက လှိုင်းလူးသွားသည်။

ထိုလူ၏လက်က ကျွန်မ၏ ခြေသလုံးကို လာကိုင်လိုက်သဖြင့် ရုတ်တရက် ထိတ်လန့်သွားကာ ဆောင့်ကန်လိုက်မိသည်။

"ဟင်... ရှင်... ဒါ ဘာလုပ်တာလဲ။ ကဲ... ဟာ..."

ကန်လိုက်သော ခြေထောက်က သူ့ရင်ဘတ်ကို တည့်တည့်ထိသည်။

"အား"

ဆိုသည့် အော်သံနှင့်အတူ သူလည်း နောက်ဘက်သို့ ဖင်ထိုင်လျက်


mgyoe.com

mgyoe.com SAMPLE BOOK
လဲကျသွားသည်။ တပြိုင်နက်တည်းပင် သူ့လက်ထဲမှ ဒူးရင်းသီးက လိမ့်ထွက်သွားတော့၏။

"ဒုန်း... ဒုန်း... ဒုန်း..."

ကျွန်မလည်း လဲ့နေရာမှ ထပြီး သူ့ကို တလှည့်၊ ဒူးရင်းသီးကြီး လိမ့်ထွက်သွားရာဆီကို တလှည့် ကြည့်နေမိသည်။

"ဟင်"

ဒူးရင်းသီးကြီးက စောစောက ငုတ်တုတ်ထိုင်ပြီး ဆေးလိပ်ဖွာနေသော အဒေါ်ကြီး၏ ခြေထောက်နှစ်ချောင်းဆီသို့ တဒုန်းဒုန်းနှင့် အရှိန်ပြင်းပြင်း သွားနေသည်။ အဒေါ်ကြီးက မျက်လုံး အပြူးသားနှင့် ဖက်လိပ်ကြီး ကိုင်လျက်တန်းလန်း ကမန်းကတမ်း ဖယ်ကာ-

"ဟဲ့... ဟဲ့ ငါ့ဆီကို လာနေပြီ။ လာနေပြီ။ လုပ်ပါဦး။ လုပ်ပါဦးတော့်..."

ဟု အော်ဟစ်ရင်း ထရမလို ထိုင်ရမလိုနှင့် ကြောင်နေလေ၏။ ထိုအချိန်မှာပင် ဦးပွကြီးက အိပ်နေရာမှ ရုတ်တရက် နိုးသွားသည်။ အဒေါ်ကြီး၏ ခြေထောက်နှစ်ချောင်းကြား ပေါင်ခွဆုံဆီသို့ ဒူးရင်းသီးကြီး ဦးတည်နေသည်ကို မြင်သောအခါ သူ့အကျင့်အတိုင်း ယောင်ပြီး-

"ဟော... ဟော... ဂိုးတော့မယ်... ဂိုးတော့မယ်... ဂိုးတော့မယ်ခင်ဗျ"

"ဂိုး..."

"အား..."

'ဂိုး' ဆိုသော အော်သံကြီးနှင့် အဒေါ်ကြီး၏ 'အား' ဆိုသော မခံချိမခံသာ အသံကြီးကို တပြိုင်နက်တည်း ကြားလိုက်ရသည်။ ထိုအသံနက်ကြီးနှစ်သံကြောင့် ဆလွန်းခန်းထဲက လူများအားလုံး ထိပ်ပြောင်ကြီးမှ လွဲ၍ ကလေးပါမကျန် နိုးသွားကြတော့သည်။ အားလုံးက အံ့သြတကြီး ပြူးကြောင်နေမိကြသည်။

အဒေါ်ကြီးက နောက်သို့ ပက်လက်လန်ကာ လဲအကျတွင် သူ့အောက်က ဒူးရင်းသီးကို အရှိန်ဖြင့် အားကုန်သုံးပြီး ကန်ထုတ်လိုက်မိ၏။

"သွားဟာ...

ကန်ထုတ်လိုက်သော ဒူးရင်းသီးကြီး၏ ဦးတည်ရာသည် ကျောခိုင်းပြီး အိပ်နေသော ထိပ်ပြောင်ကြီး၏ တင်ပါးဆီသို့ ခွပ်ခနဲ အစိုက်-

'အာ...' ဆိုသော အော်သံကြီးနှင့်အတူ အိပ်လျက်သား ခုန်လိုက်ရာ သူ့တကိုယ်လုံး တထွာခန့် မြောက်တက်သွား၏။

"ဟာ... ဘာကြီးလဲဟ။ စူးလိုက်တာ။ စူးလိုက်တာ"


mgyoe.com

mgyoe.com SAMPLE BOOK

ထိုထိပ်ပြောင်ကြီးက မျက်လုံးများကို ပွတ်ကာ အတင်း လူးလဲထထိုင်ပြီး တခုန်းဒုန်းနှင့် လိမ့်နေသော ဒူးရင်းသီးကို တလှည့်၊ ပြူးပြူးကြောင်ကြောင် ဖြစ်နေကြသော လူများကို တလှည့် ကြည့်လိုက်သည်။

လူများအားလုံးလည်း ဆက်လှဲ မနေရဲတော့ဘဲ ဒူးရင်းသီးကြီးကိုပဲ ရန်မူတတ်သော အကောင်တကောင်လို မျက်တောင် မခတ်တမ်း ကြည့်နေကြတော့၏။ ဘယ်အချိန် ဘယ်လိုနည်းနှင့် သူတို့ကို တိုက်ခိုက်လေမလဲ ဆိုသည့် စောင့်ကြည့်ပုံမျိုးနှင့် ဖြစ်သည်။

ထိုစဉ် လှိုင်းအပုတ် သင်္ဘောအလူးတွင် ဒူးရင်းသီးက လိမ့်လာပြန်ရာ-

"ဒုန်း... ဒုန်း... ဒုန်း..."

"ဟဲ့... လာနေပြီ... လာနေပြန်ပြီ ဟဲ့"

"သြော်... ဒုက္ခပါပဲ။ ငါ့ဘက်ကို မတွန်းလိုက်နဲ့လေ"

"ဟာ... ပြန်တွန်းပါဟ။ မြန်မြန်"

"ဟ... ရှောင်ထားမှ လွတ်မယ်နော်"

ဒူးရင်းသီးကြီးက ဟိုလူ့ ထိမလို၊ ဒီလူ့ ထိမလိုဖြစ်နှင့် ဝရုန်းသုန်းကား ရှောင်တိမ်းနေကြရတော့သည်။ ထိုအခါ စောစောက အဒေါ်ကြီးက-

"ဟေ့ သူငယ်... မောင်မူး။ မင်းက မူးမူးရူးရူးနဲ့ ဘယ့်နှယ့်ဟာတုံး။ မင်းကြောင့် ဒီမှာ အားလုံး ဒုက္ခရောက်ကုန်ကြပြီ"

ထိုလူက အံ့သြပြီး ကြောင်နေရာမှ သတိပြန်ဝင်လာကာ-

"ကျွန်တော် မောင်မူး မဟုတ်ပါဘူး အဒေါ်ရယ်။ ကျွန်တော် ရှင်းပြပါရစေ။ ကျွန်တော်က အနုပညာတက္ကသိုလ်တက်ဖို့ ရန်ကုန်ကို သွားမှာပါခင်ဗျာ။ ကျွန်တော် ကျောင်းသားပါခင်ဗျ။ ကျောင်းသားပါ။ ဘုရားပေးပေး ကျမ်းပေးပေးပါ။ ကျွန်တော့်ပါးစပ်က အရက်လုံးဝ သောက်မထားပါဘူး"

"ဟော.... ပြောပြန်ပလား၊ ပါးစပ်က သောက်မထားဘူး ဆိုတဲ့ကိစ္စ။ ပါးစပ်က သောက်မထားတော့ မင်းက..."

"ဟိုး... ဟိုးထားပါ အဒေါ်ရယ်။ သင်္ဘောပေါ် အတက်မှာ အရက်ဆိုင်ပုံးကြီး ဖိတ်ကျတာ ကျွန်တော့်ကို စင်ကုန်လို့ပါဗျာ။ အဲဒါကြောင့် ကျွန်တော့် တကိုယ်လုံး အရက်နံ့တွေ စွဲကုန်တာပါဗျာ။ အထင်မလွဲပါနဲ့"

သူ့အပြောကြောင့် စောစောက ကျွန်မ သူ့ကို ကန်လိုက်မိသည်ကို အားနာသွားပြီး စိတ်မကောင်းစွာ တချက်ကြည့်လိုက်၏။

"သြော်... ဒီလိုလား။ ဒါဆိုလဲ မင်းက လူအများ ခရီးသွားတဲ့ သင်္ဘောခန်းထဲကို ဒီလောက် နံနံစော်စော် ဒုက္ခများတဲ့ အသီးကြီး ဘာလို့ ယူလာရတာ



mgyoe.com

mgyoe.com SAMPLE BOOK

တုံး။ ငါ့မှာ ကံကောင်းလို့"

"ကျွန်တော့်လေးလေးက ရန်ကုန်မှာ ရှိတဲ့ သူ့သူငယ်ချင်းဆီ ~ို လက်ဆောင် ထည့်ပေးလိုက်ချင်တယ် ဆိုလို့ ကျွန်တော်က ယူလာရတာပါ။ လေးလေးကို ကျွန်တော်က သိပ်ကြောက်ရတယ်ဗျ။ ဒါပေမဲ့ လေးလေး ကွယ်ရာကျရင် လွှင့်ပစ်ဖို့ စဉ်းစားထားပြီးသားပါ"

"အံမယ်လေး ကြံကြီးစည်ရာ။ ဝါးခယ်မက ဒူးရင်းသီး ရန်ကုန် ပေးရတယ်လို့။ ရန်ကုန်မှာ ပေါလို့"

"ဟုတ်... အဲဒါကြောင့် လွှင့်ပစ်ဖို့ စဉ်းစားပြီးသားပါ။ မလွှင့်ပစ်ခင် အဒေါ်ရဲ့ ဟို... အောက်... အောက်ကို..."

"ဟဲ့... တော်စမ်း ဆက်မပြောနဲ့တော့။ သွား... မင်း အသီးကြီး လွှင့်ပစ်မှာဖြင့် မြန်မြန်ပစ်စမ်း။ ငါနော်... တော်တော် ခံရခက်သွားတယ် သိလား... ဟင်း... ဟင်း..."

အဒေါ်ကြီး၏ မချိတင်ကဲ အံကြိတ်သံကြီးနှင့် အပြောကို ကြားလိုက်ရသည့် ဆလွန်းခန်းထဲရှိ လူတွေ အားလုံးမှာ တခွိခွိ တဟိဟိနှင့်။

မကြာမီမှာပင် ဆလွန်းခန်းတခုလုံး ဟောက်သံ ခပ်တိုးတိုးမှ လွဲ၍ တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။ ထိုသို့ တိတ်ဆိတ်သွားသည်နှင့် တပြိုင်နက် သဘော်ဦး သံကိုယ်ထည်ဆီသို့ ရိုက်ခတ်သည့် လှိုင်းသံများက တိုးမလိုကျယ်သယောင်နှင့် ကြယ်ရောင်မှုန်မှုန်အောက်တွင် သံစဉ်ပျက်ယွင်းနေလေသည်။

*

"အား... ကျွတ်... ကျွတ်.... ကျွတ်..."

စောစောက လူဆီမှ ညည်းညူသံ ကြားလိုက်ရ၍ ကျွန်မ စောင်းငဲ့ကြည့်လိုက်ရာ သူက သူ့အင်္ကျီအိတ်ကပ်ထဲမှ ဘောပင်ကို ဖြုတ်ယူနေသည်ကို တွေ့ရသည်။

"ရှင်... ဘာဖြစ်သွားလို့လဲဟင်"

သူက ကျွန်မဆီသို့ တချက်လှမ်းကြည့်လိုက်ပြီး-

"ဒီမှာလေ... ကျွန်တော့်ဘောပင်လေး ကျိုးသွားတာ"

"ဟင်... ကျွန်မ စောစောက ကန်လိုက်လို့လားဟင်"

"အင်း... ဟုတ်တယ်...။ တကယ်ဆို ဒီဘောပင်လေးကလေ... ကျွန်တော့်အဖေက လက်ဆောင် ပေးထားတာဗျ။ အဲဒါကြောင့် ဒါလေးကို ကျွန်


mgyoe.com

mgyoe.com SAMPLE BOOK

တော်က သိပ်မြတ်နိုးတာ။ အခုတော့..."

ဘာကြောင့်မှန်းမသိ ကျွန်မစိတ်ထဲ ထိထိခိုက်ခိုက်လေး ခံစားသွားရ၏။ ထိုစဥ် သူ့ဆီမှ ညည်းညူသံတချက် ကြားလိုက်ရပြန်သည်။

"ကျွတ်... ကျွတ်..."

"ရှင့်ရင်ဘတ်က တော်တော်နာသွားလို့လားဟင်"

"အင်း... နည်းနည်းတော့ နာတယ်။ ဘောပင်က ကျိုးပြီး အသားကို ခြစ်မိသွားတယ် ထင်တယ်။ သွေးတောင် စို့နေပြီ။

သူ့အင်္ကျီက အဖြူရောင်ရှပ်မို့ အိတ်ကပ်နေရာတွင် သွေးစ အနည်းငယ် စွန်းပေနေသည်က အထင်းသား။ ကိုယ့်ကြောင့် လူတဖက်သား သွေးထွက်သံယို ဖြစ်သွားသည်ကို မြင်ရသောအခါ ကျွန်မ လုပ်ရပ်အတွက် အနည်းငယ် နောင်တ ရသွားမိသည်။

"တောင်းပန်ပါတယ်ရှင်။ ဟိုလေ... ကျွန်မ ဘာလုပ် ပေးရမလဲဟင်..."

"ရပါတယ်ဗျာ...။ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ အသားနာတာက ဘာမှ မဖြစ်ဘူး။ ကျွန်တော် ခံနိုင်ပါတယ်။ တခုပဲ... မိန်းကလေး ခြေထောက်နဲ့ ကျွန်တော့် ရင်ဘတ်ကို အကန်ခံလိုက်ရတော့ ကျွန်တော် ဘုန်းနိမ့်သွားပြီပေါ့"

"ဩော်... ဟို ကျွန်မ တကယ်ကို စိတ်မကောင်းပါဘူးရှင်။ ကျွန်မ မဆင်မခြင် လုပ်မိသလို ဖြစ်သွားတယ်။ အဲဒီအတွက် ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်နော်"

"ခင်ဗျား တောင်းပန်လို့လဲ ကျွန်တော့်ဘုန်းက ပြန်မြင့်လာမှာမှ မဟုတ်တာဗျာ။ ထားလိုက်ပါတော့။ ယောကျ်ား ဆိုတာ ဘုန်းနဲ့ ကံနဲ့ နေတာဗျ။ မိန်းမ ခြေထောက်နဲ့ မပြောနဲ့ မိန်းမ အဝတ်အစားနဲ့ ထိရင်တောင် ဘုန်းနိမ့်တယ်ဗျ သိလား။ ခင်ဗျားလဲ ကြားဖူးမှာပါ။ လင်ယောကျ်ား ညာလက်ကို မိန်းမ ခေါင်းအုံးအိပ်ရင်တောင် ယောကျ်ား ဘုန်းနိမ့်တယ် ဆိုတာလေ။ လင်မယားချင်းတောင် ဒီလို ဖြစ်သေးရင် သူစိမ်း မိန်းကလေးတယောက်ရဲ့ ခြေထောက်နဲ့ ရင်ဘတ်ကို အကန်ခံလိုက်ရတဲ့ ယောကျ်ားအဖို့ စဥ်းစားကြည့်ပေါ့ဗျာ..."

သူ့ဆီမှ ကြီးကြီးကျယ်ကျယ် အပြောတွေကြောင့် ကျွန်မ စိတ်ထဲ နည်းနည်း အမြင်ကတ်သွားမိ၏။ 'ငါက အူကြောင်ကြောင် ဖြစ်လုပြီ မှတ်ပါတယ်။ ငါ့ထက် ပိုကြောင်သူနဲ့ လာတွေ့နေရတယ်'လို့ စိတ်ထဲက ညည်းညူမိရင်း စောစောက ကိုယ့်ကြောင့် ဘောပင်ကျိုးပြီး သွေးထွက်သံယို ဖြစ်သွားသည်ကို အားနာမိသောစိတ်၊ စိတ်မကောင်း ဖြစ်မိသည့် စိတ်တွေက မီးစာထဲ ထည့်သွင်းထားသည့် ဖယောင်းခဲကို အပူပေးလိုက်သကဲ့သို့ လောင်ကျွမ်း အရည်


mgyoe.com

m gyoe . com FREE BOOK

ပျော်ပြီး အငွေ့ပျံသွားသည်။

"ဒီမှာ... ရှင် ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောမနေနဲ့။ တကယ်တော့ ဒီခေတ်ကြီးမှာ ယောကျ်ားနဲ့မိန်းမ အတူတူပဲရှင့်။ ဉာဏ်ရည်ဉာဏ်သွေးချင်းရော၊ ဘုန်းကံချင်းရော၊ အရည်အချင်း စွမ်းဆောင်ရည်... အို... အားလုံးအတူတူပဲ။ သာရင်သာ ကျွန်မတို့ မိန်းမတွေက ဝီရိယ ပိုကောင်းတော့ ယောကျ်ားတွေထက် ပိုအောင်မြင်ကြဦးမယ်..."

"ဟာ... ခင်ဗျား အဲဒီလိုတော့ စကားကို တဖက်သတ် မပြောနဲ့ဗျာ။ မိန်းမ ဆိုတာ ဘယ်ခေတ်မှာမဆို ယောကျ်ားရဲ့ အောက်မှာပဲ အမြဲနေရတာ"

"ဘာရှင့်"

"ဩော်... မဟုတ်ပါဘူး။ ကျွန်တော်ပြောချင်တာက မိန်းမတွေဟာ ယောကျ်ားတွေထက်တော့ ဉာဏ်ရည်အရာမှာ တဆင့်နိမ့်မယ်လို့ ပြောချင်တာ"

"ဟင်... ဘာဆိုင်လို့လဲ။ တဆင့်နိမ့်စရာ ဘာအကြောင်းမှ မရှိဘူး"

"ခင်ဗျားက မယုံဘူးလား။ ဒါဆို ကျွန်တော် သက်သေပြမယ်"

"ဘယ်လိုပြမှာလဲ"

"ဒီလိုလေ... ခင်ဗျားက မိန်းမတွေဟာ ယောကျ်ားတွေနဲ့ ဉာဏ်ရည်အတူတူပါလို့ ခင်ဗျား ထင်နေရင် အခု ကျွန်တော် ခင်ဗျားကို ဉာဏ်စမ်းမေးခွန်းတခုမေးမယ်"

ကျွန်မက 'ဘာလဲ' ဆိုသော စိန်ခေါ်သည့် အကြည့်နှင့် သူ့ကို ပြန်ကြည့်လိုက်၏။ ကျွန်မတို့ အနီးအနားရှိ တချို့လူများက ကျွန်မတို့ နှစ်ယောက်၏ အချီအချ စကားများကြောင့် အာရုံစိုက်စ ပြုလာသည်။ ကျွန်မတို့ကို စိတ်ဝင်တစား စောင့်ကြည့်နေသော ဦးပွကြီးက ပြုံးစစ မျက်နှာဖြင့်...

"ကဲ... ငါ့တူမကြီး... ဒီက ငါ့တူမေးမယ့် မေးခွန်းကို မှန်အောင် ဖြေပြလိုက်စမ်းပါကွယ်။ မှန်ရင် ငါ့တူမကို ဦးလေးက မုန့်ဖိုးငါးထောင် ဆုချမယ်ဟေ့..."

ကျွန်မက ဦးပွကြီးကို ပြန်ပြုံးပြလိုက်ရင်း သူ့ကို တဆက်တည်း မေးဆတ်ပြလိုက်သည်။

"စလို့ ရပြီ"

သူက မသိမသာ ခပ်မဲ့မဲ့ပြုံးပြီး...

"အိုကေ... ကျွန်တော်က ခင်ဗျား ဖြေနိုင်အောင် လွယ်လွယ်လေးပဲ မေးမှာပါ။ မဖြေနိုင်ရင်လဲ ဘာပြဿနာမှ မရှိဘူး သိလား"

mgyoe.com

mgyoe.com

ကျွန်မက ဘာမှ ပြန်မပြောဘဲ မထိလေးစား မျက်နှာပေးဖြင့် ခပ်စောင်းစောင်း ကြည့်နေလိုက်သည်။ သူက ...

"အစေ့ ၂၀၀ ပါတဲ့ အသီးဟာ ဘာသီးလဲဗျ"

သူ့အမေးကြောင့် ကျွန်မက မရယ်မိအောင် ထိန်းရင်း လက်ခနဲတချက် ပြုံးလိုက်မိသည်။ ကလေးကွက်တွေနှင့် သူ ကျွန်မကို ပညာစမ်းလေပြီဟု တွေးမိရင်းက သူ့ကို နှုတ်ခမ်းမဲ့ပြလိုက်သည်။ ပြီးမှ...

"သူများတွေ ဆိုရင် အစေ့နှစ်ရာတောင် ပါတယ် ဆိုတော့ အသီးအကြီးကြီးတွေကိုပါ စဉ်းစားကောင်း စဉ်းစားနေကြမှာပေ့ါ။ ဒါပေမဲ့ ကျွန်မအတွက်တော့ လွယ်လွယ်လေးပဲ။ အစေ့... နှစ်ရာပါတဲ့ အသီးဟာ..."

ကျွန်မက ဆက်မပြောဘဲ ခဏရပ်ကာ သူ့ကို ဖျက်ခနဲ တချက်ကြည့်လိုက်သည်။ သူက စိတ်လှုပ်ရှားသွားပြီး ကျွန်မဆီမှ ထွက်လာမည့် အဖြေကို ငံ့လင့်နေဟန် အထင်းသား ပေါ်နေ၏။ ကျွန်မက သူ့မျက်နှာကို မမှိတ်မသုန် ကြည့်လိုက်ပြီး ခပ်တိုးတိုး ပြောလိုက်သည်။

"စတော်ဘယ်ရီသီးပါရှင်"

သူ့မျက်နှာပေါ်က အကြောသေးသေးတမျှင် ဆတ်ခနဲ လှုပ်ရှားသွားသည်။ ဦးပွကြီးက သူ့မျက်နှာ အခြေအနေနှင့် ငြိမ်သက်မှုကို သဘောပေါက်ကာ ကျွန်မအဖြေ မှန်ပြီဟု သိလိုက်ပြီး...

"ဟာ... တူမကြီးက တော်တယ်ဟေ့။ ရော့... ဒီမှာ ဦးလေး ကတိအတိုင်း ဆုငွေငါးထောင်..."

ဟု ပြောပြီး ဝမ်းသာအားရ လှမ်းပေးသည်။

ကျွန်မက ဦးပွကြီးကို လက်ကာပြရင်း တဆက်တည်း ဉာဏ်ကြီးရှင် ဆိုသူကို ပြန်ကြည့်လိုက်ကာ...

"စောစောက ရှင့်မေးခွန်းအတွက် ကျွန်မ အဖြေမှန်တယ်လို့ ယူဆလိုက်ပြီ။ ဒီတော့ ကျွန်မကလဲ ရှင့်ကို ပြန်ပြီး ဉာဏ်စမ်းမယ်။ ရှင် ကျွန်မကို နောက်ထပ် မေးခွန်းသုံးခု ထပ်မေး။ ကျွန်မ မှန်အောင် ဖြေပြမယ်။ ကျွန်မ မှန်ပြီ ဆိုရင်တော့ ရှင့်ကို မေးခွန်းတခုပဲ ပြန်မေးမယ်။ ဘယ်လိုလဲ"

သူက စဉ်းစားသလို ခဏငြိမ်သွားသည်။ ကျွန်မ၏ ပထမဦးဆုံး အဖြေအတွက် သူ အံ့သြသွားရာကနေ ကျွန်မ နောက်ထပ် စိန်ခေါ်မှုကြောင့် သူ တွေဝေသွားပုံ ရသည်။

ကျွန်မလည်း ခေသူ မဟုတ်ချေ။ ထိုကဲ့သို့ မေးခွန်းများသည် ကျွန်မအတွက်တော့ သိပ်မထူးဆန်း။ ကျွန်မ ကိုးတန်း၊ ဆယ်တန်းခန့်က သူငယ်ချင်း

m g yoe ONLINE BOOK

များနှင့် ဉာဏ်ရည်စမ်းရင်း ကျင့်သားရခဲ့ပြီးသားပင်။

ပြီးတော့ လူတယောက်ကို ချက်ချင်းလက်ငင်းကြီး ကြိုက်ရာမေးခွန်း မေးပါ ဆိုလျှင် လူ၏ ထုံးစံအတိုင်းပင် သာမန်ကာလျှံကာ မေးခွန်းများသာ ထွက်လာတတ်သည်ကို ကျွန်မက ကောင်းကောင်း သဘောပေါက်သည်။

"ဘယ်လိုလဲ... ရှင် စဉ်းစားလှချေလား။ ယောက်ျားတွေက မိန်းမတွေထက် ပိုပြီး ဉာဏ်ကောင်းကြတယ်ဆို..."

"ဟင်း... ဟင်း..."

ကျွန်မ၏ ခနဲ့တဲ့တဲ့ အပြောကြောင့် ဖက်လိပ်ဖွာနေသည့် အဒေါ်ကြီးဆီမှ သူ့ကို လှောင်ပြောင်သော ရယ်သံတခု ထွက်လာသည်။

ထိုအဒေါ်ကြီး၏ ဘေးမှ အမျိုးသမီး၏ မျက်နှာကလည်း ပြုံးတုံ့တုံ့နှင့် နှုတ်ခမ်းကို အနည်းငယ်မဲ့ကာ စောင်းကြည့်နေသည်။

သူက အနေခက်လာသလို လူအားလုံးကို မျက်လုံး ဝေ့ကြည့်ပြီးမှ...

"ကောင်းပြီလေ... ကျွန်တော် ခင်ဗျားရဲ့ စိန်ခေါ်မှုကို လက်ခံတယ်။ အဲ... ဒါပေမဲ့ ခင်ဗျားလဲ ကျွန်တော် မေးမယ့် မေးခွန်းတွေကို မှန်အောင် ဖြေနိုင်ပါ့မလား ဆိုတာ သေချာစဉ်းစားပါဦး"

"မေးမှာသာ မေးစမ်းပါရှင်။ အပိုတွေ ပြောမနေပါနဲ့။ အလကား အချိန်ကုန်တယ်"

"အိုကေ... ဒါဆို ပထမဆုံးတခု စမေးမယ်။ လူသားတွေနဲ့ တိရစ္ဆာန်တွေ အားလုံးမှာ နှလုံးသား တခုစီပဲ ပါကြတယ်။ နှလုံးသားငါးခု ပါတဲ့သူက ဘယ်ဂြိုဟ်သားလဲ"

သူ့မေးခွန်း အဆုံးတွင် ဘေးမှ နားထောင်နေကြသော လူများက ကျွန်မကို စိုးရိမ်တကြီး ဝိုင်းကြည့်လိုက်ကြ၏။

ကျွန်မက...

"ဘယ်က ဂြိုဟ်သားမှ မဟုတ်ဘူး။ တီကောင်။ တီကောင်မှာ နှလုံးသား ငါးခုတိတိ ပါပါတယ်"

သူက ကျွန်မ အဖြေမှန်အတွက် အသိအမှတ်ပြုသည့် အကြည့်ဖြင့် တချက်ကြည့်ပြီး...

"နောက်တခု ထပ်မေးမယ်။ လူဟာ ဘယ်အချိန်မှာ အရပ်ရှည်ထွက်သလဲ"

"ညဘက်မှာပေ့ါ။ သစ်ပင်တွေလဲ အလင်းရောင် မရှိတဲ့ ညဘက်မှပဲ ရှည်ထွက်တာပဲ မဟုတ်လား..."

mgyoe.com

mgyoe.com

ကျွန်မ၏ နှစ်ခုမြောက် အဖြေတွင် သူ အလွန်အံ့အားသင့်သွားပုံ ရ၏။ ဝိုင်းကြည့်နေကြသည့် လူများလည်း ကျွန်မကို စိတ်ပူနေရာမှ ကျွန်မ အဖြေတွေအတွက် အနည်းငယ် စိတ်အေးသွားသလို ပြုံးပြုံးရွှင်ရွှင် ဖြစ်လာကြသည်။

သိကြသည့် အတိုင်းပင်။

သူ ယူလာသည့် ဒူးရင်းသီးကြောင့် မတော်တဆ ဒုက္ခရောက်သွားခဲ့ကြသော လူများက သူ့ကို မျက်မုန်းကျိုးကာ နှိပ်ကွပ်ချင်နေသဖြင့် သူ့အရှုံးကို အားပါးတရ ကြည့်ချင်နေကြသည်။ သူက တချက် ချောင်းဟန့်ပြီး လည်ချောင်းရှင်းကာ ဆက်ပြောသည်။

"အဟမ်း... နောက်ဆုံးတခု မေးမယ်။ ဒီမေးခွန်းကတော့ အထွေထွေ ဗဟုသုတ မေးခွန်းပေါ့ဗျာ...။ ကဲ... ဖြေကြည့်ပါဦး။ 'ဖော်လားမျက်' ဆိုတာ ဘယ်လူမျိုးတွေရဲ့ စကားလဲ။ ဘယ်လိုအဓိပ္ပါယ် ရသလဲ"

သူက မေးပြီးပြီးချင်း ကျွန်မ ဖြေနိုင် မဖြေနိုင် ကျွန်မ မျက်နှာကို ကြည့်ပြီး ခန့်မှန်းနေ၏။

ကျွန်မက...

"ဖော်လားမျက် ဆိုတာ 'ကသည်းလူမျိုး'တွေရဲ့စကား။ ပုဏ္ဏားစကားလို့လဲ အလွယ်တကူ ခေါ်ကြတယ်။ အဓိပ္ပါယ်က 'ဖော်လား' ဆိုတာ စားစရာတဲ့။ 'မျက်' ဆိုတာ ဖော်စပ်ခြင်း၊ ချက်ပြုတ်ခြင်းလို့ အဓိပ္ပါယ်ရတယ်။ ဟိုပြီး တိတိကျကျ ပြောရရင် ကသည်းတွေရဲ့ ရိုးရာပွဲလမှာ ကျွေးတဲ့ အစားအစာကို 'ဖော်လားမျက်'လို့ ခေါ်တယ်။ ငှက်ပျောသီးတို့၊ ပျားရည်တို့၊ ထောပတ်တို့၊ သကာတို့ကို သူ့အချိုးအဆနဲ့ ရောနယ်ပြီး ပေါက်ပေါက်ပွင့်တွေ ဖြူးထည့်ပြီး ကျွေးတာပေါ့ရှင်"

ကျွန်မ အဖြေစကား အဆုံးတွင် သူ ခေါင်းငိုက်စိုက်ကျသွားသည်။ ကျွန်မလည်း စိတ်ထဲက မသိမသာ ကြိတ်ပြီး သက်ပြင်း ချနေမိသည်။

ကျွန်မ ဖြေလိုက်သည့် 'ဖော်လားမျက်' အဖြေဆိုလျှင် အခု ခရီးထွက်မလာခင်ကမှ စာအုပ်ဖတ်မိထားသဖြင့် သိခဲ့ရသည့် ဗဟုသုတပင် ဖြစ်သည်။ ကျွန်မ မနေ့တနေ့ကမှ သိထားသည့် အကြောင်းအရာကို သူက မေးခွန်းအဖြစ် မေးနိုင်သည် ဆိုတော့ သူဟာ သိပ်ခေသူ မဟုတ်မှန်း၊ စာဖတ်သည့်သူဖြစ်မှန်း သဘောပေါက်ကာ နည်းနည်းတော့ လေးစားသွားမိ၏။ သူက သိပ်ကျေနပ်ပုံ မရသော်လည်း-

"ခင်ဗျားအဖြေ မှန်ပါတယ်"

ဟု ခပ်တိုးတိုး ဝန်ခံသည်။ သူ့စကား အဆုံးတွင် အားလုံးက လက်ခုပ်

mgyoe.com

m g ... E BOOK

လက်ဝါး တီးကာ…

“တော်လိုက်တာ ဟော့…”

“ကဲ… မှတ်ပြီလား ဒူးရင်းသီး”

“ဘယ့်နှယ့်ရှိစ ဉာဏ်ကြီးရှင်”

စသဖြင့် တယောက်တပေါက် ဝိုင်းအော်ကြသည်။ ကျွန်မက မခိုးမခန့် တချက်ပြုံးကာ…

“ဒါဆို ဒီတခါ ကျွန်မ မေးအလှည့်နော်”

သူက လေးကွေးစွာ ခေါင်းညိတ်သည် ဆိုရုံလေး ညိတ်ပြလိုက်၏။ ကျွန်မက-

“ရှင် ဖြေနိုင်ပါ့မလား”

“မေးမှာသာ မေးစမ်းပါဗျာ။ ခင်ဗျား အပိုတွေ ပြောမနေစမ်းပါနဲ့”

သူက ကျွဲမြီးတိုလာပုံ ရသည်။ ကျွန်မက နှုတ်ခမ်းထောင့်ကို မသိမသာ လေးတချက် ကွေးလိုက်ပြီးမှ…

“အိုကေ… မေးပြီ။ ရှင် သေသေချာချာ နားထောင်နော်။ ငှက်အထီးနဲ့ အမကို ဘယ်လို ခွဲခြားမလဲ”

“ဟင်…”

“အို…”

“ဟဲ့… အဲဒီလို ရှိတယ်လား”

“ထူးထူးဆန်းဆန်းပါလား”

ကျွန်မ၏ အမေးစကား အဆုံးတွင် အာမေဋိတ်သံမျိုးစုံ ထွက်လာကြ၏။ တဆက်တည်း အခန်းထဲရှိ လူတွေက သူ့ကို အထိတ်တလန့်ဖြင့် ကြည့်လိုက်ကြသည်။ ထိုအကြည့်များကြောင့်ပင် သူ အနည်းငယ် လိုသည်ထက် ပိုပြီး စိတ်လှုပ်ရှားသွားပုံရ၏။ ချွေးပျံလာပြီး နေရထိုင်ရ ခက်လာဟန်လည်း ရှိသည်။

သူက အသည်းအသန် မျက်မှောင်ကုတ်ပြီး စဉ်းစားနေသည်။ မျက်လုံး စုံမှိတ်ကာ ကြံဖတ်ထဲက အရည်ကို ‘လိုမ့်တုံးနှင့် ကုန်စင်အောင် ဖိညှစ်ယူနေသလိုမျိုး သူ့ခေါင်းထဲက အဖြေကို အတင်း ညှစ်ယူနေသည်။ သူ ခေါင်းကုတ်ပြီး စဉ်းစားသည်။ သက်ပြင်းများလည်း အကြိမ်ကြိမ် ချသည်။ နားထင်ကို လက်ညှိုးဖြင့် ပေါက်ထွက်မတတ် ထောက်ကာ စဉ်းစားသည်။

သူက စိတ်မွန်းကျပ်လာဟန်ဖြင့် အင်္ကျီအပေါ် ရင်ဘတ်ကြယ်သီး တလုံးကို ဖြုတ်လိုက်ရင်း ဟူးခနဲ လေပူတချက် မှုတ်ထုတ်လိုက်၏။ တခြား လူတွေ၏

mgyee.com

mgyoe.com SAMPLE BOOK

စိတ်ဝင်တစား အကြည့်တွေကလည်း သူ့ဆီမှ လုံးဝ မခွာ။ 'ဟင်း'ဟု သူ ပင့်သက်တချက် ထပ်ရှိုက်လိုက်ပြန်သည်။

ကျွန်မက သူ့အရိပ်အကဲကို မြင်လိုက်သည်နှင့် သူ့တွင် အဖြေမရှိဘူးဆိုသည်ကို သဘောပေါက်သွားပြီး–

"ရှင် ခေါင်းအေးအေး ထားပြီး စဉ်းစားပါရှင်။ မနက်မှ ဖြေလဲ ရတယ်။ အဲ... တကယ်လို့ ရှင် မဖြေချင်ရင်တော့လဲ ထားလိုက်ပါ။ ဘာမှ မဖြစ်ပါဘူး"

ဟု ပြုံးကာ ပြောပေးလိုက်၏။

ထိုအခါ သူက စိတ်သက်သာရာ ရသွားပုံနှင့် ကျွန်မကို ကြည့်သည်။ ထိုအကြည့်များထဲတွင် ရှက်ရွံ့ခြင်း အရိုးအငွေ့များ အုံ့မှိုင်းသွားသည်ကို ကျွန်မ မြင်ဖြစ်အောင် မြင်လိုက်ရသေး၏။

*

မီးခိုးရောင်နှင့်အပြာရောင်စပ်ကြားမိုးကုတ်စက်ဝိုင်းအနားသတ်ဆီမှ ရောင်နီဝါလေးများက အပျိုဖြန်းလေး တယောက်၏ မျက်နှာလို ရှက်ရွံ့သိမ်မွေ့စွာ လင်းဖြာထွက်လာ၏။ သင်္ဘောသွားနေသည့် အရှိန်နှင့် တဟူးဟူး တိုက်ခတ်နေသော လေအေးများကြောင့် မြစ်ရေပြင်သည် နတ်သမီးတပါး အသက်ရှူနေသလို နိမ့်ချည်မြင့်ချည်နှင့် စည်းချက်ညီစွာ လှုပနေသည်။

ထိုအလှအပနှင့် လတ်ဆတ်မှုများဆီမှ နှစ်ထပ်ခွဲ သင်္ဘောကြီး၏ ဥသြဆွဲသံရှည်ကြီးက အရုပ်ဆိုးစွာ ပုတ်ခိုးလိုက်သလို ကျွန်မက ဆတ်ခနဲ ဘေးဘီဝဲယာကို ကြည့်လိုက်မိ၏။ တလှုပ်လှုပ် တရွရွနှင့် ပစ္စည်းသိမ်းသူက သိမ်း၊ အခင်း ခေါက်သူက ခေါက်နှင့် အလုပ်ရှုပ်နေကြသော ခရီးသည်များကို မြင်လိုက်ရသည့်အခါ သင်္ဘောကြီးသည် မကြာခင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်တော့မည်ဟု ကျွန်မ နားလည်လိုက်၏။ ဒါနှင့် ကျွန်မက ထုံးစံအတိုင်း ပြောင်တလင်းခါနေသော မျက်နှာကို မိတ်ကပ်နည်းနည်း ပြန်ဖို့ပြီး ဆံပင်များကိုလည်း သပ်သပ်ရပ်ရပ် ဖြစ်အောင် ဖြီးသင်လိုက်သည်။ နောက်ထပ် ၁၅ မိနစ်ခန့် အကြာတွင် သင်္ဘောက ရေဆန်ကို ထိုးခွဲခုတ်မောင်းကာ မော်တင်ဆိပ်ကမ်းတွင် ရပ်နားလိုက်တော့၏။ သင်္ဘောပေါ်မှ ခရီးသည်များက အလုအယက်တိုးဝှေ့ဆင်းကြသလိုပင် ဆိပ်ကမ်းမှ အလုပ်သမားများကလည်း ပုရွက်ဆိတ်တွေလို အလုအယက် တွန်းထိုးတိုက်ရင်း သင်္ဘောပေါ်သို့ တက်လာကြသည်။

"ဘာသယ်ပေးရမလဲ"

"ဒီဆန်အိတ်က အောက်ကို ချမှာလား"


mgyoe.com

mgyoe.com SAMPLE BOOK

'ဒီမှာ... ဒီမှာ ဒီသေတ္တာနှစ်လုံး သယ်မယ်နော်'စသဖြင့် အသံများနှင့် သင်္ဘောတစီးလုံး ဆူညံသွားသည်။

ခရီးသည်များက တဖြည်းဖြည်း သင်္ဘောပေါ်မှ ဆင်းသွားကြပြီမို့ ကျွန်မလည်း ခရီးဆောင်အိတ်ကို ဆွဲကာ လူများအကြား တိုးဝှေ့ဆင်းလိုက်၏။ သင်္ဘောဆိပ်ခံ တံတားပေါ်မှ တဆင့် ကုန်းပေါ်သို့ ရောက်သောအခါ အငှားယာဉ်များ တန်းစီ ရပ်ထားရာဆီသို့ ဦးတည်ပြီး လျှောက်သွားလိုက်သည်။

"လာ... လာ... ညီမ... ဘယ်သွားမလဲ"

"ကားငှားမလို့လား... ဘယ်လဲ ညီမ"

စသဖြင့် အိတ်ကို ဆွဲမလုရုံတမယ် ခေါ်နေကြသည်မို့ ကျွန်မ စိတ်ထဲ မနှစ်မြို့ဖြစ်သွားပြီး အနီးရှိ ထိုကားများကို ကျော်ကာ ခပ်လှမ်းလှမ်းတွင် ရပ်ထားသည့် တက္ကစီဆီသို့သာ အပြေးတပိုင်း သွားလိုက်၏။ အမျိုးအိမ်ကို လာမကြိုနိုင်းသည်က အမှားပဲဟု ကျွန်မ နောင်တ ရလိုက်မိသေးသည်။

"ပါရမီလမ်းမပေါ်ကို သွားမယ်ရှင့်။ ဘယ်လောက် ပေးရမလဲ"

"ဒီကနေ ဆိုရင် ခုနှစ်ထောင်တော့ ပေးရမယ် တူမကြီး"

ကျွန်မလည်း နေပူနေပြီမို့ ဈေးမဆစ်တော့ဘဲ 'သွားမယ်' ဟု ခေါင်းညိတ်ပြပြီး ကားတံခါးကို ဆွဲဖွင့်မည် အပြုတွင်-

"ဒီမှာ... ဒီမှာ... ငှက်အထီးနဲ့ အမ ဘယ်လို ခွဲရမလဲ ဆိုတဲ့ အဖြေက ဘာလဲ ပြောခဲ့ဦးလေ..."

ကျွန်မဘေးမှ ထွက်လာသောအသံပိုင်ရှင်သည် သင်္ဘောပေါ်မှ ဟိုအဘူကြောင်ကြောင် ငနဲမှန်း လှည့်မကြည့်ဘဲ အတတ်သိလိုက်သည်။ ကျွန်မ သူ့ကို စောင်းငဲ့ကြည့် လိုက်ပြီး သဘောကျစွာ ခပ်တိုးတိုး ရယ်လိုက်ရင်းက...

"မသေမချင်း မှတ်ထားရှင့်၊ အဖြေက ရိုးရိုးလေးပဲ။ ဥ... ဥတဲ့ ငှက်က အမ၊ ဥ မဥတဲ့ ငှက်က အထီးပေါ့"

"ဟင်... ဘာ..."

သူ ရုတ်တရက် မယုံကြည်နိုင်ဟန်ဖြင့် အံ့ဩကာ ကြောင်သွားသည်။

"အရာရာကို ရိုးရိုးပဲ တွေးစမ်းပါရှင်။ နေရာတကာ အကြီးကြီးတွေ လျှောက်တွေးနေရင် ရူးသွားလိမ့်မယ်"

ကျွန်မက ပြောပြီး ကားပေါ်တက်လိုက်၏။ သူ ဘယ်လိုမျက်နှာနှင့် ကျန်ရစ်ခဲ့မည်ကို ကျွန်မ ခန့်မှန်းမိသဖြင့် စိတ်ထဲမှ ကျိတ်ရယ်လိုက်မိသေးသည်။

• • •

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

မြစ်တစင်းကတော့…
ပင်လယ်ဆီ စီးဆင်းဖို့ တခုပဲ
နားလည်တယ်

ပန်းလေးတပွင့် ပွင့်လာတော့လဲ
နွေဦး ရောက်လာတာပဲ
ဘာယုတ္တိဗေဒမှ
အဓိပ္ပါယ်ဖွင့်ပြစရာ မလို

ဘာကြောင့် ရင်ခုန်ရတယ်
ဆိုတာလဲ
ခွဲခြားသတ်မှတ်နေဖို့ မလို…

ဒါဟာ
ဆယ်ကျော်သက် တယောက်ရဲ
ပြဒ်တည်မှု့ အရှိတရားပဲ

mgyoe.com

mgyoe.com



SAMPLE BOOK

ပြတင်းတံခါးဆီမှ တိုးဝင်လာသော နေခြည်နုနုကြောင့် ကျွန်မ အိပ်ရာမှ နိုးလာသည်။ နိုးလာလာချင်းမှာပင် နားထဲသို့ တိုးဝင်လာသော ပတ်ဝန်းကျင် အသံဗလံများက အိပ်ချင်စိတ်ကို လွင့်စင် ပပျောက်သွားစေသည်။

ကျွန်မတို့ နေသည့် 'ပန်းယမုံ' အဆောင်သည် အနုပညာတက္ကသိုလ်ကျောင်းနှင့် နှစ်မှတ်တိုင်ခန့်သာ ဝေးသည်။ ကျွန်မက ပါရမီလမ်းရှိ ဦးလေး၏ အိမ်ကနေ ကျောင်းမတက်ချင်ဘဲ အဆောင်နေ ကျောင်းသူဘဝကို ဖြတ်သန်းချင်သည်ဟု အဖေ့ကို မရမက ခွင့်တောင်းပြီး အဆောင်မှာ လာနေခြင်း ဖြစ်သည်။ အစကတော့ အဖေက အင်တင်တင်။ သူ့သမီး မည်မျှ အူကြောင်ကြောင်နိုင်သည်ကို သူ သိသည်။ သို့သော် သမီးကိုလည်း ရင့်ကျက်သည့် မိန်းကလေးတယောက် အဖြစ်လည်း ဘဝကို ဖြတ်သန်းစေချင်သည်။ ဒါနှင့်ပင် အဖေက အဆောင်မှာ နေဖို့ ခွင့်ပြုပေးလိုက်ခြင်း ဖြစ်၏။ အဆောင်ရှိရာလမ်းက အိမ်ကြီး အိမ်ကောင်း တချို့နှင့် သပ်သပ်ရပ်ရပ် ငြိမ်ငြိမ်သက်သက် ရှိသော်လည်း အဆောင်နောက်ဘက်လမ်းမှ ရပ်ကွက်နေ လူများ၏ ဆူညံသံများက နံနက်ချိန်ခါ တေးသံသာလို မနက်မိုးလင်းသည်နှင့် နားဆင်ရလေတော့သည်။ ကျွန်မ မျက်လုံးဖွင့်ပြီး ကြည့်လိုက်တော့ အခန်းဖော် ဆုဆုနိုင်က မှန်တင်ခုံရှေ့တွင် အကျၤအနု ထိုင်ကာ စိမ်ပြေနပြေ အလှပြင်နေသည်ကို တွေ့ရသည်။

"ဆုဆု ဘယ်နှနာရီ ထိုးပြီလဲ"

ကျွန်မ၏ အမေးကြောင့် ဆုဆုက လှည့်ကြည့် လိုက်ရင်း...

"ရှစ်နာရီ ထိုးနေပြီဟ... ထတော့။ ကျောင်းသွားရမယ်လေ။ ဒီနေ့ မနက်တန်းမှာ မေဂျာချိန် ရှိတယ် မဟုတ်လား"

ဟု ခပ်မြန်မြန် ပြောပြီး မှန်ကို ပြန်ကြည့်သည်။ နှုတ်ခမ်းနီကို ညီညီညာညာ ဖြစ်အောင် နှုတ်ခမ်းနှစ်လွှာကို တလွှာနှင့်တလွှာ ထပ်ကာ ဖိကပ်ညှိ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ကျွန်မလည်း မထချင် ထချင်နှင့် လှဲနေရာမှ ထလိုက်ပြီး စောင်ကို ခေါက်လိုက်၏။ အိပ်ရာခင်းကို ပြန့်အောင် ဆွဲဆန့်ရင်း-

"ငါ အိပ်ရေး မဝသေးဘူး။ မနေ့ညက အိပ်တာ နောက်ကျသွားတယ် ဟာ..."

"နောက်ကျမှာပေါ့... ဝတ္ထုစာအုပ်တွေပဲ ဖတ်နေတာကိုး။ ဟုတ်တယ် မဟုတ်လား"

"အဟင်း... ဟုတ်တယ်"

ကျွန်မ ရယ်ကျဲကျဲလေး ပြောရင်း ခေါက်ပြီးသား စောင်ကို ဖိကာ ခဏ ပြန်လှဲချလိုက်ပြန်သည်။

"ကဲပါ မြဖူးတင်ရယ်။ လှဲမနေတော့နဲ့။ ကျောင်း နောက်ကျဦးမယ်"

ဆုဆုနိုင်ဆီမှ မှတ်ပုံတင် နာမည်ရင်းအတိုင်း ခေါ်သံကြောင့် ကျွန်မ နှုတ်ခမ်းကို စုထော်ကာ စိတ်ဆိုးသွားပြီး-

"ဘာ မြဖူးတင်လဲ။ နင်တို့ကို မုန့်ကျွေးပြီး ငါ နာမည် ပြောင်းထားတယ်လေ။ မေမိလို့ ခေါ်ပါလို့ နင့်ကို ငါ ဘယ်နှခါ ပြောရမလဲ"

"ဩော် အေး အေး ငါ မေ့သွားလို့ပါဟယ်။ မေမိ... မေမိ"

"အေးနော်... နင် ကျောင်းရောက်လို့ ငါ့ကို မြဖူးတင်လို့ ခေါ်လို့ကတော့ နင်နဲ့ ငါ သေခန်းပြတ်ပဲ"

ဟု ကြိမ်းလိုက်သည်။

တုံးလွန်း၊ ရိုးလွန်းသော နာမည်ကြီးမို့ ကျွန်မ မကြိုက်သော်လည်း ကျွန်မ အဖေရဲ့ အဖေ၊ ကျွန်မရဲ့ အဖိုး တောသူဌေးကြီး ဦးမြဖူးနှင့် အဖွား ဒေါ်တင်လှတို့၏ တဦးတည်းသော မြေးမို့ မြဖူးတင် ဟု မှည့်ထားခြင်း ဖြစ်သည်။ ဆယ်တန်း ဖြေခါနီးတုန်းက ကျွန်မက နာမည်ပြောင်းမည်ဟု ဆိုတော့ အဖေက လုံးဝ အပြောင်းမခံ။ ဒါနှင့် ကျွန်မက မြဖူးတင်ကို မပြောင်းဘဲ မေမိ ဟု ထပ်ပေါင်းထည့်ပြီး သူငယ်ချင်းများကို မေမိ ဟုသာ မုန့်ကျွေးပြီး ခေါ်ခိုင်းခဲ့ရသည်။ မှတ်ပုံတင်ထဲတော့ မြဖူးတင်ပဲ ဖြစ်သည်။ အဒေါ် အပျိုကြီးက ကျွန်မကို ချစ်စနိုးနှင့် မြတင်လေး၊ မြတင်လေးလုပ်နေသဖြင့် စိတ်ညစ်ရသည်မှာ အခါခါ။ ကျွန်မ အဖေက ပြောသည်။ သူ့မိဘတွေနှင့် ပတ်သက်သည့် အမှတ်တရ တခုခုကို ရှိစေချင်သောကြောင့် မြဖူးတင်ဟု မှည့်ထားခြင်း ဖြစ်သည်ဟု ဆိုသည်။

ကျွန်မ ဖတ်ဖူးသည့် အကြောင်းအရာ တခုကို သတိရမိသေးသည်။ လူကြီးတယောက် သက်ကြီးပိုင်းမှ ကလေးရလာသည်။ မိဘတွေ ဆုံးသည့်

mgyoe.com

mgyoe.com SAMPLE BOOK
အခါ ကျန်သော ကလေးများက သူ့မိဘနှင့် ပတ်သက်သည့် အမှတ်တရ ဆို၍ သူတို့ အဖေက ထမင်းစားပြီးသည့်အခါတွင် ထမင်းစားခန်းရှေ့ နံရံနား ရပ်ပြီး သွားကြားထိုးနေသည် ဆိုတာလောက်ပင် မှတ်မိသည်။ သူတို့ ကြီးပြင်းလာပြီး စီးပွားရေး ပြေလည်လာသဖြင့် အိမ်သစ် ဆောက်နိုင်သည့်အခါ အဖေ့အမှတ်တရ တခုခု ထားမည် ဆိုကာ စန္ဒကူးသားနှင့် သွားကြားထိုးတံကြီးလုပ်ကာ ထိန်းသိမ်းထားခဲ့၏။ တဖြည်းဖြည်း ပိုပြီး စီးပွားရေး အဆင်ပြေလည်လာပြီး အိမ်အကြီးကြီး ဆောက်နိုင်သည့် အချိန်တွင် သူတို့အဖေ မတ်တတ်ရပ်ပြီး သွားကြားထိုးလေ့ရှိသည့် နေရာကို ဘုရားခန်း လုပ်လိုက်ပြီး ထိုအလည်တွင် တိုင်ကြီးတတိုင်ကို သွားကြားထိုးတံ သင်္ကေတ အမှတ်တရအဖြစ် စိုက်ထူထားလိုက်သည်။ မိသားစုဝင်တွေ များလာသည့်အခါ လူနေခန်းက ကျဉ်းပြီး ဘုရားခန်းကြီးက နေရာအကျယ်ကြီး ယူနေသလို ခံစားလာခဲ့ကြရသည်။ သို့သော် မဖယ်ရှားပစ်ရ။ ထမင်းစားပြီးတိုင်း အဲသည် တိုင်ကြီးရှေ့ မတ်တတ်ရပ်ကာ ဂါရဝပြုနေကြဆဲပင်။ အစဉ်အလာများသည်လည်း ထိုကဲ့သို့ပင် ပေါ်ပေါက်လာခြင်း ဖြစ်နိုင်သည် တွေးမိသည်။

ကျွန်မ နာမည်သည်လည်း အဖေ့ရဲ့ သွားကြားထိုးတံကြီးတချောင်း ဖြစ်နိုင်ပါသည်။

ဆုဆုနိုင်က ကျွန်မ စိတ်အလိုမကျ ဖြစ်သွားသည်ကို ရိပ်မိပြီး လေချိုပျော့လေးဖြင့်–

"ကဲပါ မေမိလေးရယ် ထပါတော့ ကျောင်းသွားရတော့မယ်လေ။ နင်က အိပ်ရာထတော့လဲ နောက်ကျသေးတယ်။ ပြီးရင် ရေတခါချိုးဖို့ ဘယ်နှပတ်လောက် ပတ်ဦးမယ် မပြောတတ်ဘူး"

"အေးပါဟာ။ တကယ်ဆို ငါက အစောကြီးကတည်းက နိုးနေတာပါ။ ဒီလောက် အသံတွေ ဆူညံနေတဲ့ဥစ္စာ။ ဒီကြားထဲ ဟိုဘက်ခန်းက မိန်းမတွေကလဲ ဘာဖြစ်နေကြမှန်း မသိဘူး။ ဝုန်းဒိုင်းကို ကြဲနေတာပဲ"

"ဟယ်... ဟိုဘက်ခန်းက ဆိုလို့ ငါပြောရဦးမယ် သိလား"

ဟု ဆိုကာ ဆုဆုနိုင်က အနားသို့ တိုးကပ်လာပြီး မျက်နှာ အမူအရာပါ ပြောင်းသွားသည်။ မိန်းကလေးတွေ အတင်းပြောတော့မည် ဆိုလျှင် လုပ်နေကျ အမူအရာအတိုင်း လေသံက မတိုးမကျယ်၊ ဒါပေမဲ့ မျက်လုံးတွေကတော့ အရောင်တောက်နေ၏။

"ငါတို့ ဘေးခန်းက နန္ဒမိုးမြင့်လေ... အခုမှ ကျောင်းတက်တာ တပတ်ပဲ ရှိသေးတယ်။ ရည်းစား ရသွားပြီတဲ့ဟဲ့ သိလား"


mgyoe.com

mgyoe.com SAMPLE BOOK

ဟု အားကျသံဖြင့် ပြောသည် ။

"ဟင်… ဟုတ်လား။ ဒါနဲ့ပဲ အဆောင်က တခြားလူတွေက ဝိုင်းပြီး အတင်းတုတ်ကြကောလား"

"ဟာ… အတင်းတုတ်ခါမှ တုတ်ရော ငါကတော့ အားကျတယ် သိလား။ သူ့ဘဲက ရေကြောင်းသိပ္ပံက သင်္ဘောသားလောင်းနော်။ မခေဘူးဟ"

"ဟုတ်လား။ ဟာ… မိုက်တယ်ကွာ"

ကျွန်မတို့ ကျောင်းသူများကြားတွင် ထိုကဲ့သို့ ပြိုင်ဆိုင်မှုလေးတွေက မည်မျှခင်သည့် သူငယ်ချင်းတွေကြားတွင်မဆို ရှိတတ်ကြသည်က သဘာဝပင် ဖြစ်သည်။ ယောကျ်ားလေးများပင် မိန်းကလေးအကြောင်းကို ပြောတတ်ကြသည်ဟု မထင်လေနှင့်။ မိန်းကလေးတွေ အချင်းချင်း ကြားထဲတွင်လည်း ယောကျ်ားလေးများ အကြောင်းကို မြိန်ရည်ယှက်ရည် ပြောတတ်ကြသည်။ တခါက ဆိုလျှင် အပေါ်ထပ် ထောင့်ဆုံးခန်းတွင်နေသည့် အခန်းဖော်နှစ်ယောက် ရွှေစင်နှင့် ဝေခင်တို့ အော်ကြီးဟစ်ကျယ် ပြဿနာဖြစ်ကြသဖြင့် ကျွန်မတို့က ဘာများ ဖြစ်ကြတာလဲဟု သွားဖြန်ဖြေရင်း စပ်စုမိကြသည်။ အကြောင်းက EC 2 ဟု ခေါ်သော တခါသုံး သနွှေတားဆေးကို ဝေခင်က ဆောင်ထားရာ ဝေခင် ရည်းစားနှင့် အပြင်တွင် ချိန်းတွေ့နေစဉ် ရွှေစင်က ယူသောက်လိုက်သည်။ ညဘက် ဝေခင် ပြန်လာသည့်အခါ သောက်ဖို့ ကြည့်လိုက်တော့ ဆေးက မရှိတော့။ အဆောင်ကလည်း ပိတ်ပြီမို့ ဝယ်လို့လည်း မရတော့သဖြင့် ဝေခင် အကြီးအကျယ် ပေါက်ကွဲသည်။ ကျွန်မတို့မှာ ရယ်ရခက် ငိုရခက်နှင့် ဘာပြောရမှန်း မသိ ဖြစ်ခဲ့ဖူးသည်။ တော်သေးသည်ဟု ဆိုရမည်။ ဝေခင် လူကြားမကောင်းသည့်ကိစ္စ မဖြစ်ခဲ့ပေ။

ဆုဆုနိုင်ကလည်း တဆောင်လုံးလိုလို ရည်းစားရှိပြီး ကိုယ်တွေ နှစ်ယောက်ပဲ လစ်လပ်နေသည်မို့ စိတ်ထဲ တနုံ့နုံ့ ဖြစ်နေပုံရသည်။ အမှန်အတိုင်း ဝန်ခံရမည် ဆိုလျှင် ဆုဆုနိုင်က သူများတွေလိုပင် ရည်းစား လိုချင်နေသည်။ သူများတွေလိုပင် Valentine's Day ဆိုလျှင် ချောကလက် စားချင်သည်။ လက်ဆောင် လိုချင်နေသည်။ 'ရည်းစားမရှိခြင်းဟာ ဂုဏ်ယယ်တာပဲ'ဟု အတွေးဝင်လျက် လူမြင်သူမြင် ကောင်းသော ရည်းစားတယောက်လောက်ကို လိုချင်နေသည်က တပိုင်းသေနေရုံမက တကိုယ်လုံးပင် အခေါင်းထဲ ဝင်ထိုင် နေရမတတ် ဖြစ်နေပြီ။

သည်လိုဆိုလျှင် ကျွန်မကကော…။ သူတော်ကောင်းကြီးလား။ ဟင့်အင်း မဟုတ်ပါ။ ကျွန်မလည်း ဆုဆုလိုပင် ရည်းစား ထားကြည့်ချင်စိတ် ရှိ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ကျွန်မအတွက်တော့ ရည်းစားထားခြင်းသည် အချစ်ဆိုသော ဘာသာရပ်ကို သင်ကြားဖို့ ပရက်တီကယ် ဆင်းချင်သော လက်တွေ့ခန်း တခန်းပဲ ဖြစ်လိမ့်မည်။ ကျွန်မက အချစ်ကို စမ်းသပ်စူးစမ်းကြည့်ချင်ပြီး ဆုဆုကတော့ မိန်းမပျိုတယောက်ရဲ့ ဂုဏ်သိက္ခာ အလင်းအတွက် ရည်းစားကို ဆီမီးတိုင်လို ထွန်းညှိချင်သူ ဖြစ်သည်။ ကျွန်မနှင့် ဆုဆု အခြေခံ သဘောထားချင်း မတူကြ။ သို့သော်လည်း သူငယ်ချင်း အားတက်စေရန် နည်းနည်းပါးပါး အလိုက်အထိုက် မိုက်တယ်ကွာ ဘာညာနှင့် ပြောပေးရ၏။

"အေး... လုံးဝ လန်းတယ်နော်။ အဲဒီလို ဘဲအမိုက်စားလေးနဲ့ တွေ့လို့ကတော့ ငါလဲ... ဟီ... ဟီ"

ဆုဆုနိုင်က ပြုံးဖြီးဖြီးနှင့် အားကျသည်။ ကျွန်မက မျက်စောင်းထိုးပြီး-

"အံမယ်... စောစောကတော့ ကျောင်းနောက်ကျမှာစိုးလို့ ငါ့ကို ရေအတင်း ချိုးခိုင်းနေတယ်။ အခုကျတော့ ကျောင်းသွားဖို့ မေ့သွားပြီ မဟုတ်လား။ ဏှာဘူးမ"

"အဟင်း နင်ကလဲ ပြောချလိုက်တာ အားကြီးနဲ့။ ငါတို့မှာလဲ ယောကျ်ား လေးတွေကို ငန်းခွင့် ရှိပါတယ်ဟဲ့ နင်ကလဲ..."

ဆုဆု၏ အပြောကို ကျွန်မလည်း သဘောတူပါသည်။ ဟုတ်သည်။ ကျွန်မတို့ မိန်းကလေးများတွင်လည်း ယောကျ်ားလေးများကဲ့သို့ပင် ရွေးချယ်ခွင့် ရှိသည်။ ကျွန်မတို့သည် ခြင်းတောင်းထဲက ပန်းသီးများ မဟုတ်သောကြောင့် အရွေးခံဖို့ ထိုင်စောင့်နေစရာ ဘာအကြောင်းမှ မရှိ။

"ဟင်းနော်... မိန်းမ...၊ ရုပ်ကိုက... ငါ မပြောလိုက်ချင်ဘူး"

ကျွန်မ ဆုဆုနိုင်ကို မျက်စောင်းထိုးကာ ရေချိုးဖို့ ရေချိုး ခန်းဆီသို့ ထွက်ခဲ့လိုက်တော့၏။ ရေချိုးရင်း ခန္ဓာကိုယ်ပေါ်မှ အဝတ်အစား အားလုံးကို ချွတ်ပြီး တခါတည်း လျှော်လိုက်ပြီးမှ ရေချိုးဖို့ စိတ်လောပြီး ထွက်လာရာ ပြန်ထွက်လျှင် လဲဖို့ ရေလဲ ထဘီရော၊ ပတ်ဖို့ တဘက်ရော ပါမလာသည်ကို သတိရ၏။ ကျွန်မ ဒုက္ခရောက်တော့သည်။

အနီးအနားတယောက်ယောက်ရှိလေမလားဟုအော်ခေါ်သော်လည်း မည်သူမျှ မရှိ။ အားလုံး ကျောင်းသွားကြပြီ။ ဆုဆုနိုင်ကလည်း အပေါ်ထပ်မှာ။ ဘာလုပ်ရမလဲဟု စဉ်းစားပြီးနောက် မထူးဘူး ဆိုကာ စောစောက လျှော်လိုက်သည့် အဝတ်ကိုပင် ပြန်ဝတ်ပြီး အခန်းထဲ ပြန်ဝင်လာရတော့သည်။

ကျွန်မ ရေစိုအဝတ်စားကြီးဖြင့် အခန်းထဲ ပြန်ဝင်လာသည်ကို ဆုဆုနိုင် မြင်တော့-

mgyoe.com

mgyoe.com SAMPLE BOOK

"ဟယ်... မေမိ နင်ကလဲ အင်္ကျီ မချွတ်ဘဲ ရေချိုးတယ် ဟုတ်လား"

ဟု မျက်လုံးအပြူးသားနှင့် မေးသည်။ ကျွန်မက ရေလဲထဘီနှင့် တဘက် မေ့ကျန်ခဲ့လို့ဟု ပြောပြမှ ကျွန်မ အဖြစ်ကို ဆုဆုနိုင်တယောက် အူနှိပ်ပြီး ရယ်တော့သည်။ အခုလို ကျွန်မ အဖြစ်တွေကို ရယ်ရသည်က အကြိမ်ကြိမ်ပင်။ ကျွန်မက အဲသည်လို လွဲသည့် အဖြစ်များက တခါမဟုတ် ငယ်ငယ်ကတည်းက ဖြစ်သည်။ ကျွန်မ ခြောက်တန်းအရွယ် ရင်သားလေး စပြီး စူထွက်လာသည့် အချိန်တုန်းက ထဘီ ရင်လျားပြီး ရေချိုးရမည်ကို ရှက်သဖြင့် အင်္ကျီကြီး ဝတ်လျက်သားနှင့် ရေချိုးဖူးသည်။ ရှစ်တန်းအရွယ်က အိမ်သာသွားရင်း သွေးတွေ ထွက်လာသည်ကို တွေ့ရာ တအားလန့်သွားပြီး အဖေ့ကို-

"ဖေဖေ... သမီး အိပ်နေတုန်း သမီး တင်ပါးကို ဘယ်သူ ဓားနဲ့ ခွဲသွားလဲ မသိဘူး။ အိမ်သာ သွားတာ သွေးတွေ အများကြီး ထွက်တယ်။ အီး... ဟီး... ဟီး..."

ဟု ငိုပြော ပြောတော့ အဖေခမျာ မျက်နှာပူပူနှင့် အဒေါ်အပျိုကြီးကို တိုးတိုးတိတ်တိတ် ရှင်းပြခိုင်းရသေးသည်။ ကျွန်မ၏ လွဲချော်မှုများသည် အပျိုဖော် ဝင်ကတည်းက စခဲ့ခြင်း ဖြစ်ပါသည်။

•

နံနက်ခင်း၏ နေရောင်ခြည်သည် မီးလုံးသေးသေးလေးများ သွယ်တန်း ထားသလို စူးရှတောက်ပနေ၏။ အဆောင်ရှေ့မှ အရိပ်ရသည့် ခရေပင်ကြီး ခုံတန်း ပတ်ပတ်လည်တွင် အဆောင်သူတချို့ ထိုင်နေကြသည်။ တချို့ အဆောင်သူများက အဆောင်ရှေ့မှ ဖြတ်သွားသော အဆောင်နေ ယောကျ်ားလေးများကို မကြားတကြား စနောက်ခြင်း၊ ယောကျ်ားလေး တယောက်တည်း ဆိုပါက အဆောင်သူများက ဘောလုံးကန်သလိုပင် စကားလုံးများကို အချိတ်အဆက်မိမိ လက်ဆင့်ကမ်းလျက် ထိုယောကျ်ားလေး မျက်နှာတွေ ပူထူလာသည်အထိ စနောက်တတ်ကြ၏။

ကျွန်မတို့နှစ်ယောက် အဆောင်ထဲမှ ထွက်လာတော့ မနက် ၉ နာရီ ၁၀ မိနစ်ခန့် ရှိနေလေပြီ။ အနီးအနားရှိ အဆောင်များမှ ကျောင်းသူ ကျောင်းသားများလည်း အလျှိုလျှို ထွက်လာကြသည်။ အဆောင်ရှေ့ခြံတံခါးမှ အထွက်တွင် ဆုဆုနိုင်က တစုံတခုကို သတိရသွားဟန်နှင့်-

"မေမိရေ... ခဏနေဦး။ ငါ မှာထားတဲ့ စံပယ်ပန်းကုံးတွေ လာချိတ်မထားသေးဘူးဟ"


mgyoe.com

mgyoe.com SAMPLE BOOK

ဟု ပြောရင်း ခြံတံခါး ပတ်ပတ်လည်လည်ကို ရှာကြည့်နေ၏။ မတွေ့တော့-

"ခဏာလေး သူငယ်ချင်းရယ်။ ငါ အဆောင်မှူးကို သွားမေးကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ဆုဆုနိုင်က အဆောင်ထဲ လှစ်ခနဲ ပြန်ဝင်သွားသည်။ ဆုဆုနိုင်က ခေတ်မိန်းကလေး ဆိုသော်လည်း ပန်းကြိုက်သူ့င်။ သူ့ဆီမှာ ပန်းတမျိုးမဟုတ် တမျိုး အမြဲရှိသည်။ ပန်းရနံ့လေးများ ရှူရှိုက်ရမှ တနေကုန် လန်းဆန်းနေသည်ဟု ကျွန်မကို ပြောဖူးသည်ကို သတိရသွားမိရင်းက အတွေးတစက ရင်ထဲ ရောက်လာ၏။

*ပန်းအတုနဲ့ ပန်းအစစ် ဆိုရင်*

*ပန်းအတုတွေကပဲ တာရှည်ခံတယ်။*

*ပန်းအစစ်ကတော့ ခဏာလေးနဲ့ နွမ်းသွားတတ်တယ်။*

*ဒါပေမဲ့...*

*သူ့အမွှေးနံ့က တနေ့စာ စိတ်အတွက် လုံလောက်နေတတ်တာမျိုး။*

*အချစ် ဆိုတာလဲ အဲဒီလိုပဲပေါ့။*

*အချစ်စစ်ကို ခံစားခဲ့ရရင် အချိန် ကာလတွေ တိုတောင်းခဲ့ရင်တောင်*

*တဘဝစာ လုံလောက်နေတတ်တာမျိုး။*

ကျွန်မလည်းလက်မှ နာရီကိုတချက်ကြည့်ကာ ဆုဆုပြန်ထွက်အလာကို စောင့်နေသည်။

ထိုစဉ်... လမ်းမပေါ်မှ လူများ၏ ရုတ်ရုတ်သဲသဲ အသံတွေကို ကြားလိုက်ရ၏။

"ဟဲ့... ဟဲ့ ခွေးလိုက်နေတယ် မပြေးရဘူးလေ"

"ဟော့ကောင် ဘိုနီ... ဘိုနီ အခုရပ်စမ်း"

"ဟာ ဒီခွေးကတော့လေ"

"အောင်မလေးရှင့်... သေပါတော့မယ်... လုပ်ကြပါဦး"

အော်သံနှင့်အတူ မိန်းကလေး တယောက်က ပန်းထည့်သော ခံတောင်းကြီးကို ရွက်ကာ ကိုးရိုးကားရား ပြေးလာနေကြသည်ကို တွေ့လိုက်ရ ၏။ သူမ လက်ထဲတွင်လည်း စံပယ်ပန်းကုံးလေးများကို ကိုင်ထားသည်။ သူမ နောက်မှ အညိုရောင် ခွေးကြီးက လျှာတွဲလောင်းကျလျက် တဟုန်ထိုး လိုက်ဟပ်ဆွဲနေသည်။ ထိုခွေးကြီး၏ နောက်မှ ခွေးပိုင်ရှင်ဟု ထင်ရသည့် လူတယောက်လည်း


mgyoe.com

mgyoe.com SAMPLE BOOK

ပြေးလိုက်နေ၏။ ကျွန်မ ရပ်နေသည့် အဆောင်ရှေ့သို့ ရောက်သောအခါ-

"အမလေး... အစ်မရေ... လုပ်ပါဦးတော့"

"ဟင်..."

ထိုကောင်မလေးက အော်လည်းအော် ကျွန်မ နောက်ဘက်မှလည်း ဝုန်းဆို ပြေးကွယ်လိုက်တော့ ကျွန်မ ရုတ်တရက် လန့်သွားသည်။ ပထမတော့ ကျွန်မလည်းကျွန်မကိုခွေးကိုက်မလားဆိုပြီးနည်းနည်းကြောက်သွားမိသည်။ ခွေးကြီးက လျှာထွက်ကာ သွားရည် အနည်းငယ် ကျနေသည်။ သို့သော် ခွေးက ကျွန်မကို မျက်စိကျပုံ မရဘဲ ကျွန်မနောက်မှ ပန်းသည် ကောင်မလေးကိုသာ ထိုးဟောင်နေ၏။

"ဝေါင်း... ဝေါင်း... ဝေါင်း..."

ထိုအချိန်မှာပင် ခွေးပိုင်ရှင် ရောက်လာပြီး ခွေးလည်ပတ်မှ သံကြိုးကို ဆတ်ခနဲ ပြန်ဆွဲရင်း-

"တောင်းပန်ပါတယ် ညီမရယ်။ ဒီခွေးက အခုတလော ဘာဖြစ်နေမှန်း မသိဘူး။ ပြောမရ ဆိုမရနဲ့။ ဆရာဝန်နဲ့ ပြကြည့်ရဦးမယ်။ လာစမ်း ဘိုနီ"

ဟု ပြောရင်း ခွေးဇက်ကြိုးကို ခပ်ကြမ်းကြမ်း ဆွဲခေါ်သွားလေသည်။ သည်တော့မှ ပန်းသည်ကောင်မလေးက မြေကြီးပေါ်ပြားပြားထိုင်ချလိုက်ရင်း-

"အီး... ဟီး... ဟီး... တော်သေးတာပေါ့ အံမယ်လေး အစ်မရဲ့ နောက်မို့ဆို အရိုးတခြား အသားတခြား ဖြစ်တော့မလို့ပေါ့... အီး... ဟီး..."

"ဟဲ့... ဟဲ့... ဩော်... ခွေးက သွားပြီလေ။ ဘာလို့ အခုမှ ငိုနေရတာလဲ။ ထတော့ လူမြင် မကောင်းဘူး"

"အီး... ဟီး... ဟီး အခုမှ ငိုချိန်ရလို့ပါ အစ်မရယ်။ စောစောက ဒီလောက် အသက်ထွက်မတက် ပြေးနေရတာကို ဘယ်လိုလုပ် ငိုချိန်ရှိမှာလဲ အစ်မရဲ့။ အီး... ဟီး... ဟီး... ရှုတ်"

ကျွန်မလည်း အခုမှ ပန်းသည် ကောင်မလေးကို အသေအချာ ကြည့်မိသည်။ ခွေးလိုက်မည် ဆိုလည်း လိုက်ချင်စရာပင်။ အခု ခေတ်စားနေသည့် ရှေ့ ဘက်က ဒူးခေါင်းထိသာ ရှိပြီး နောက်ဖက်က ခြေမျက်စိ ဖုံးသည်အထိ ရှည်သော ဂါဝန်ကို ဝတ်ထားသည်။ သူမ၏ ငိုသံကြောင့် အဆောင်ထဲမှ ဆုဆု နှင့် အဆောင်သူတချို့ ပြေးထွက်လာကြ၏။

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲဟင်။ ဟင်... နှင်းခင် နင်က ဘာလို့ မြေကြီးပေါ်မှာ ထိုင်ငိုနေတာလဲ"

"ဩော်... ဆုဆု နင်က သူ့ကို သိတယ် ဟုတ်လား..."


mgyoe.com

mgyoe.com SAMPLE BOOK

"အေးလေ... ငါ ပန်းမှာထားတာ သူ့ဆီကပေါ့..."

ကျွန်မလည်း စောစောက ဖြစ်ကြောင်းကုန်စင်ကို ပြေပြလိုက်သည်။ အဆောင်သူ တချို့က ပန်းသည် ကောင်မလေး၏ ပုံစံကို ကြည့်ကာ ပြုံးစိစိ လုပ် ရင်း အဆောင်ထဲ ပြန်ဝင်သွားကြ၏။ ဆုဆုက-

"နှင်းခင်ရယ်... ခွေးမှ မရှိတော့ဘဲ... ထတော့လေ... မြေကြီးပေါ်မှာ ထိုင်ငိုနေတာ နင် မရှက်ဘူးလား..."

ထိုအခါမှ ကောင်မလေးက မျက်နှာပေါ်မှ မျက်ရည်များကို လက်နှင့် ပွတ်သုတ်လိုက်၏။ ထိုသို့ သုတ်လိုက်သောအခါ မျက်ခွံတွင် ချယ်ထားသော အိုင်းလိုင်နာတွေက မျက်ရည်များကြောင့် အမည်းရောင်တန်းကြီး ဖြစ်သွား သည်။ အခုမှ သေချာကြည့်လိုက်မိ၏။ ထိုကောင်မလေး၏ မျက်နှာတခုလုံး ဆေးဆိုးပန်းရိုက် ချယ်သထားသည်ကို တွေ့ရ၏။ ဆုဆုက-

"နင်ကလဲ နင်ပဲ နှင်းခင်ရယ်... ကိုယ့်ပုံစံကိုလဲ ပြန်ကြည့်ဦး... ခွေး မျက်စိနောက်မယ် ဆိုလဲ နောက်ချင်စရာပဲ..."

"အို... မဆုကလဲ အဲဒီခွေးက ရူးနေလား မသိပါဘူး..."

"ဟုတ်ပါပြီ... ထားလိုက်ပါတော့...၊ ဒါနဲ့ နေစမ်းပါဦး... မျက်နှာမှာလဲ ပြင်ဆင်ချယ်သထားလိုက်တာ... ဘယ်သွားမလို့တုံး..."

"ဟီး... ဟီး... ဘယ်မှ မသွားပါဘူး မဆုရဲ့။ ကျိုက်ခေါက်ဘုရားမှာ ပန်းသွားရောင်းရမှာ...၊ ဒီနေ့ ကျွန်မ အဒေါ်က နေမကောင်းလို့ ကျွန်မကို သွားရောင်းခိုင်းလို့"

"ကဲ... ဘယ်မှာလဲ... ငါ မှာထားတဲ့ စံပယ်ပန်း ငါးကုံး..."

"ဪ... ရော့... ရော့... ဒီမှာ... အလှဆုံးတွေကို ရွေးပြီး ကုံးထား တာ..."

"အေးပါ... ကျေးဇူးပါပဲ... ကဲ... ကဲ... နင်လဲ သွားတော့လေ... ဆိုင် ထွက်တာ နောက်ကျနေဦးမယ်..."

"ဟုတ်ကဲ့..."

နှင်းခင်က ပန်းထည့်ထားသည့် ခံတောင်းကြီးကို ရွက်ကာ ကျွန်မတို့ ကို နှုတ်ဆက်ပြီး ထွက်သွားလေသည်။ ကျွန်မတို့ နှစ်ယောက်လည်း ဘတ်စ် ကားဂိတ်သို့ လမ်းလျှောက်ထွက်ခဲ့ကြ၏။ လမ်းလျှောက်ရင်း ကျွန်မက-

"ဆုဆု နင် စောစောက ပန်းဝယ်တာ... သူ့ကို ပိုက်ဆံပေးတာ မတွေ့ ဘူးနော်... ပြီးမှ ပေါင်းရှင်းတာလား..."

"မဟုတ်ဘူးလေဟာ... ငါက တလစာ ကြိုပေးထားပြီးသား..."


mgyoe.com

mgyoe.com SAMPLE BOOK

"သြော်... ဟုတ်လား... နှင်နဲ့ နှင်းခင်က တော်တော် ရင်းနှီးကြတယ်နော်..."

"ဟုတ်တယ်ဟ...ငါကကျောင်းမဖွင့်ခင်တလအလိုလောက်ကတည်းက အဆောင်ကို ရောက်နေတာ ဆိုတော့ သူက မနက်တိုင်း ပန်းလိုက်ရောင်းတယ်... ငါကလဲ ပန်းကြိုက်တာနဲ့ ပန်းဝယ်ရင်း ရင်းနှီးသွားကြတာပေါ့..."

"သူကြည့်ရတာ ငယ်ငယ်လေးပဲ ရှိဦးမယ်နော်... ရုပ်ရည်လေးကလဲ ချောလိုက်တာ"

"အင်း... ငါတို့နဲ့ အသက်သိပ်မကွာဘူးလေ...။ တနှစ်လားပဲ ငယ်တာ... သူ့ဘဝလေးက သိပ်သနားစရာ ကောင်းပါတယ်...။ သူက မိဘတွေ မရှိတော့ဘူးလေ...။ သူ ငယ်ငယ်ကတည်းက ဆုံးသွားတာတဲ့...။ အဒေါ်နဲ့ နေတာ"

"ဟင်... ဒါဆို သူက ကျောင်းမတက်ဘူးပေါ့... နေတောရော ဘယ်မှာ နေတာလဲ..."

"သူက ၈ တန်းလောက်နဲ့ ကျောင်းထွက်ထားရတာလေ... မိဘမှ မရှိတော့တာကို... ငါတို့ အဆောင်ရဲ့ နှစ်လမ်းကျော်မှာ နေကြတာလေ... နှင်းခင်က ငါတို့လို တက္ကသိုလ် ကျောင်းသူဘဝကို သိပ် အားကျတာဟ..."

"ဟုတ်လား... သနားစရာလေးပဲ...။ တော်သေးတယ်နော်။ ရုပ်ကလေး ချောရက်နဲ့ ကေတီဗွီတွေ၊ မာဆတ်တွေမှာ အလုပ်သွားမလုပ်ဘဲ ပန်းရောင်းစားနေတာ။ တော်တော့်ကို တော်တယ် ပြောရမယ်"

ကျွန်မက နှင်းခင်ကို ကရုဏာသက်စွာ တီးတိုးပြောမိ၏။ ကျွန်မတို့လည်း စကားတပြောပြောနှင့် လျှောက်လာရင်း ဘတ်စ်ကားဂိတ်သို့ ရောက်လာသည်။

ကံကောင်းစွာဖြင့် ကျွန်မတို့လည်း အရောက်၊ ကျွန်မတို့ စီးရမည့် ဘတ်စ်ကားကလည်း ထိုးအဆိုက်နှင့်မို့ ကားပေါ်သို့ ကပျာကယာ တက်လိုက်ကြတော့သည်။

* * *


mgyoe.com

mgyoe.com

SAMPLE BOOK

# အခန်း ( ၃ )

ကျောင်းကန်တင်းတွင် လူများ ပြည့်ကျပ်သိပ်နေ၏။ ကျောင်းဖွင့်ခါစမို့ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ၏ ထုံးစံအတိုင်း အတန်းချိန်စသည့် မနက်ကတည်းက ကျောင်းသို့ စုဝေးရောက်ရှိလာကြပြီ။

ရှားရှားပါးပါး သုံးဆိုင်သာ ရှိသည့် တက္ကသိုလ် ကျောင်းကန်တင်းတွင် ထိုသုံးဆိုင်လုံး လူများ ပြည့်ကျပ်နေတော့၏။

ကျွန်မနှင့် ဆုဆုလည်း ဘယ်မှာ ထိုင်လျှင် ကောင်းမလဲဟု နေရာရှာ ကြည့်နေမိသည်။ အားလုံးက ယောကျ်ားလေး၊ မိန်းကလေး ကိုယ့်အုပ်စုနှင့် ကိုယ် ထိုင်နေကြသည်။ ညာဘက် အစွန်ဆုံးဆိုင်၏ ထောင့်စားပွဲတခု လွတ် နေသည်ကို မြင်လိုက်သည်နှင့် ကျွန်မတို့လည်း ခပ်မြန်မြန်ပင် နေရာယူလိုက် သည်။

ထို့နောက် မုန့်ဟင်းခါးတပွဲနှင့် ကြာဇံချက်တပွဲ မှာလိုက်ပြီး ကန်တင်း ရှေ့ လမ်းမပေါ်သို့ ဘာရယ်မဟုတ် ငေးကြည့်နေမိ၏။

မကြာမီ စားပွဲထိုးလေးက မှာထားသည့် မုန့်ပွဲများ လာချပေးသည်။ ထိုစဉ်-

လက်ခုပ်တီးပြီး ခေါ်လိုက်သည့် အသံကြောင့် ကျွန်မနှင့် ဆုဆုက လှည့်ကြည့်မိလိုက်သည်။ ကျွန်မတို့ ထိုင်နေသည့် Mr.Poem ဆိုင်နှင့် ဘေး ကပ်ရပ် ဆိုင်အတွင်းဘက်တွင် ထိုင်နေသော နွယ်နီတို့ အုပ်စုကို တွေ့လိုက်ရ သည်။ သူတို့ ဝိုင်းမှာ လာထိုင်ဖို့ ခေါ်နေသည်မို့ ကျွန်မတို့ နှစ်ယောက်လည်း ကိုယ့်မုန့်ပန်းကန် ကိုယ်ကိုင်ကာ ထိုင်နေရာမှ အထပြုန်းဆို-

"အင့်..."

"ဝွမ်း"

ကျွန်မ၏ ပုခုံးကို တစုံတယောက်က ခပ်ကြမ်းကြမ်း ဝင်တိုက်လိုက်

mgyoe.com

mgyoe.com SAMPLE BOOK

သဖြင့် ကျွန်မ လက်ထဲက မုန့်ဟင်းခါးပန်းကန် ကျကွဲသွားသည်။

"ဟင်"

"ဟာ"

"အို... ကွဲကုန်ပြီ..."

အနီးအနားရှိ ကျောင်းသား၊ ကျောင်းသူများဆီမှ အာမေဋိတ်သံများ ပြိုင်တူ ကြားလိုက်ရ၏။

နွယ်နီကလည်း ချက်ချင်းပဲ ကျွန်မ အနားသို့ ကပျာကယာ ရောက်လာပြီး-

"မေမီ ဘာဖြစ်သွားသေးလဲ။ အရမ်းပူသွားလား"

"ပန်းကန်ကွဲစတွေ ခြေထောက်ကို စူးမိသွားသေးလား" စသည်ဖြင့် တယောက်တမျိုး ဝိုင်းမေးကြသည်။

"ဟို... ဟို... ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်လဲ အောက်ငုံ့ပြီး လျှောက်လာလို့ ရုတ်တရက် မမြင်လိုက်ဘူး ဖြစ်သွားတယ်။ သိပ်ပူသွားလား။ ကျွန်တော် ဘာလုပ်ပေးရမလဲ"

ထိုစဉ် နွယ်နီက-

"ဟင်... ဟိန်းဇေယျာကိုကို... နင်က ဘယ်လိုက ဘယ်လို ကွန်ပျူတာ တက္ကသိုလ်ကနေ ငါတို့ အနုပညာတက္ကသိုလ်ထဲ ခြေရှည်လာရတာလဲ"

သူက စောစောက ပူထူနေသောကြောင့် အခုမှ နွယ်နီကို သတိထားမိသွားဟန်နှင့်-

"ဟင်... နွယ်နီ... သူ... သူက နင့်သူငယ်ချင်းလား။ ငါ သူ့ကို မတော်တဆ ဝင်တိုက်မိသွားလို့... အဲဒါ... ဟို... ဟို..."

"အေးပါ ငါ မြင်ပါတယ်။ နင်ကလဲ လုပ်လိုက်မှဖြင့် ရှေ့မကြည့် နောက်မကြည့်နဲ့။ ဘာမှန်းလဲ မသိဘူး။ ဟိုမှာ မေမီ့ကို အားနာစရာ ကောင်းနေပြီ"

"ရပါတယ် နွယ်နီရယ်။ မတော်တဆပဲ။ ငါလဲ ဘာမှ ဖြစ်တာမှ မဟုတ်တာ"

ဟု ကျွန်မက အလိုက်သင့် ပြန်ပြောရင်း အနီးဆုံး စားပွဲမှ တစ်ရှူးကို ယူကာ ဟင်းရည်စက်များ ပေကျံနေသော ခြေထောက်ကို သုတ်လိုက်၏။

"မေမီ သူက ငါ့သူငယ်ချင်းပဲဟ... လာ လာ... ငါတို့ဝိုင်းမှာ သွားထိုင်ပြီးမှ မိတ်ဆက်ပေးတော့မယ်"

ဟိန်းဇေယျာကိုကိုက သူ့ဘေးတွင် လာရပ်နေသော စားပွဲထိုးလေးကို

"ညီလေး... ကိုယ်တို့ ဟိုဘက်ဝိုင်းမှာ ထိုင်နေကြဦးမှာ။ ပြီးရင် အခု

mgyoe.com

mgyoe.com SAMPLE BOOK

မုန့်ဟင်းခါးဖိုးရော၊ ပန်းကန် ကွဲသွားတဲ့ အတွက်ရော ကိုယ်လျော်ပေးမယ်။ ဟုတ်ပြီလား"

စားပွဲထိုးလေးက 'ဟုတ်ကဲ့' ဟု ပြောပြီး ထွက်သွား၏။

နွယ်နီတို့ ဝိုင်းသို့ ရောက်တော့ ကလျာနှင့် နေခြည်ကိုပါ တွေ့လိုက်ရသည်။ ကလျာက-

"မေမီ တခုခု ထပ်မှာဦးလေ။ ဘာမှာချင်လဲ။ ဒီဆိုင်က မှာပေးမယ်လေ"

"လက်ဖက်ရည်နဲ့ ပဲပလာတာပဲ စားတော့မယ်ဟာ"

ကလျာက ကျွန်မ ပြောသည့်အတိုင်း မှာလိုက်၏။ နွယ်နီက-

"မေမီရေ… မိတ်ဆက်ပေးမယ်နော်။ သူက ဟိန်းဇေယျာကိုကိုတဲ့။ ကွန်ပျူတာ ဒုတိယနှစ်က"

သူက ကျွန်မကို ပြုံးပြပြီး-

"ဟုတ်ကဲ့… တွေ့ရတာ ဝမ်းသာပါတယ်"

ကျွန်မလည်းခေါင်းညိတ်ပြုံးပြရင်းသူ့ကိုအခုမှသေချာကြည့်ဖြစ်တော့၏။ သူ့ပုံစံက ဖြူဖြူသွယ်သွယ်နှင့် ရှင်းသန့်နေသည်။ သူ ဝတ်စားထားသော အဝတ်အစား၊ ဂျယ်လ်ရောင် တောက်နေသော ပုံကျလှပသည့် ဆံပင်၊ လည်ပင်းတွင် အခုခေတ် ယောကျ်ားလေးများ၏ စတိုင်အတိုင်းပလက်တီနမ်ဆွဲကြိုး မျှင်မျှင်လေးတခု ဆွဲထားသည်။

နားတွင် စိန်သေးသေးလေးတပွင့် မြှုပ်ထားသည့် နားကပ်တဖက် ပန်ထားသည်ကို ကြည့်ခြင်းအားဖြင့် လူချမ်းသာတယောက်မှန်း သိသာစေသည်။ ပြီးတော့ သူ့ကားသော့ကိုလည်း စားပွဲပေါ် တင်ထားသေး၏။

"ဟုတ်ကဲ့ ကျွန်မနာမည် မေမီမြဖူးတင်ပါ။ ဒါက ကျွန်မရဲ့ သူငယ်ချင်း ဆုဆုနိုင်တဲ့"

ဆုဆုက ပြုံးပြီး ခေါင်းညိတ်ပြသည်။

ထိုစဉ် ကျွန်မ မှာထားသည့် လက်ဖက်ရည်နှင့် ပဲပလာတာ လာချပေးသည်။ ကျွန်မက စောစောကတည်းက ဗိုက်ဆာနေသောကြောင့် စားဖို့ ပြင်လိုက်စဉ်မှာပင် သူက-

"မေမီမြဖူးတင်က ရန်ကုန်ကပဲလား။ နာမည်က ဆန်းတယ်နော်… ဟီး"

"ကျွန်မ အဖေ မှည့်ပေးထားတာပါ။ မေမီလို့ ခေါ်လို့ ရပါတယ်"

"ဘယ်အဆောင်မှာ နေတာလဲ"

"ပန်းယမုံဆောင်မှာ နေတာရှင့်။ ကျောင်းနဲ့ သိပ်မလှမ်းပါဘူး။ ဒီတောင်"

mgyoe.com

ဒဂုံ ရပ်ကွက်တခုထဲမှာပါပဲ"

ကျွန်မက ပြောပြီး ပဲပလာတာတခုကို ပါးစပ်ထဲ ထည့်ဖို့ ပြင်လိုက်စဉ်မှာပင် သူက-

"ဟုတ်လား။ ကျွန်တော် လာလည်လို့ ရမလားဟင်"

ကျွန်မက ပလာတာကို ပြန်ချကာ ပြန်ဖြေရပြန်သည်။

"ဟုတ်ကဲ့။ မိတ်ဆွေတွေ ဖြစ်သွားကြပြီပဲ။ လာလည်လို့ ရပါတယ်"

ကျွန်မက စားဖို့ ထပ်ကြိုးစားလိုက်ပြန်သည်။ သို့သော် -

"မေမိ ဘယ်အချိန်တွေ အဆောင်မှာ ရှိတတ်လဲ"

"ကျောင်းပိတ်ရက် ဆိုရင်တော့ အဆောင်မှာပဲ အနေများပါတယ်"

ကျွန်မက စားဖို့ပြင်ရင်း သူက မေးရင်းနှင့် ပလာတာက ကြာတော့ အေးပြီး မာလာတော့သည်။ အလိုက်ကမ်းဆိုး မသိ စပ်စုနိုင်လွန်းသော သူ့ကို ကျွန်မ နည်းနည်းတော့ အမြင်ကတ်လာသည်။ ထို့ကြောင့် ကျွန်မက သိသိသာသာပဲ ရှေ့မှာ ချထားသည့် လက်ဖက်ရည်နှင့် ပဲပလာတာ ပန်းကန်ကို ကျွန်မနှင့် ခပ်ဝေးဝေးသို့ ဆတ်ခနဲ တွန်းထုတ်လိုက်သည်။ ထို့နောက် သူ မေးသမျှ အားလုံးကို ဖြေရန် အသင့်အနေအထားဖြင့် စောင့်နေလိုက်၏။ ဆုဆုက-

"ဟင်... မေမိ မစားတော့ဘူးလား...၊ နင် ဗိုက်ဆာနေတယ်ဆို"

"စားမယ်ဟ။ ခဏလေး။ ကိုဟိန်းဇေယျာကိုကိုနဲ့ စကားပြတ်မှ စားတော့မယ်။ ကဲ... ကိုဟိန်းဇေယျာကိုကို ဘာသိချင်တာ ရှိသေးလဲဟင်"

ကျွန်မက တမင်ရွဲ့ကာ မေးလိုက်သည်။ ထိုအခါမှ သူက နည်းနည်းသဘောပေါက်စ ပြုသွားပြီး-

"အဟဲ... စားပါ... စားပါ...၊ စားပြီးမှ ဆက်ပြောကြတာပေါ့"

ကျွန်မ သူ့ကို မသိမသာ မျက်စောင်းထိုးလိုက်သည်။ အေးစက်စပြုနေသည့် လက်ဖက်ရည်နှင့် ပဲပလာတာ တခုကို ပလုတ်ပလောင်း စားလိုက်ရာ ကျွန်မ ဗိုက်ထဲတွင် နေသာထိုင်သာ အတော်လေး ရှိသွားသည်။ ဆုဆုနှင့် ကလျာတို့ကလည်း တခြား ထွေရာလေးပါး စကားများ ပြောဆိုနေကြသည်။ ကျွန်မက အားလုံး စားသောက်ပြီးလို့ ခေါင်းမော့အကြည့်တွင် ကျွန်မကို ပြုံးတုံးပြတဲ စိုက်ကြည့်နေသည့် ဟိန်းဇေယျာကိုကိုနှင့် အကြည့်ချင်း ဆုံသွားသည်။ သူက-

"မေမိက ကလေးလေး ကျနေတာပဲ။ စားနေလိုက်ပုံက ကိုယ့်ရှေ့မှာတောင် မရှက်ဘူးနော်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟင်... ဘာဆိုင်လို့လဲ။ ဒါဆို ကျွန်မက ရှင့်ရှေ့မှာမို့ ထဘီကို ခေါင်းမြီးခြုံပြီး စားရမယ်ပေါ့ ဒီလိုလား"

"အဲ... မဟုတ်ဘူးလေ... ကိုယ် ပြောတာက တချို့မိန်းကလေးတွေဆို သူစိမ်းယောကျ်ားရှေ့မှာ အစားစားရမှာ ရှက်တယ်လေ။ အခု မေမိကျတော့ မရှက်တဲ့အပြင် ပလုတ်ပလောင်း စားနေတာကို တွေ့တော့ ကိုယ်အံ့ဩနေမိတာပါ"

"ဩော်... ဟုတ်လား။ ကျွန်မကတော့ ဘယ်သူ့ရှေ့မှာမဆို ကိုယ်ဗိုက်ဆာနေရင်တော့ ဘာအကြောင်းနဲ့မှ ဟန်မဆောင်တတ်ဘူးရှင့်။ စားမှာပဲ။ အစား စားတာပဲရှင်၊ ဟိုဟာ စားတာမှ မဟုတ်တာ၊ ဘာရှက်စရာ ရှိလို့လဲ"

"စကားပြောလို့တော့ ကောင်းပါရဲ့။ အတန်းချိန်က နီးနေပြီ။ ကဲ... ဆုဆုရေ... ငါတို့ အတန်းသွားတက်ရအောင်လေ"

ကျွန်မက သူ့ကိုပြောရင်း ဆုဆုကိုပါ တဆက်တည်း ပြောလိုက်၏။ ကျွန်မ ပြောတော့မှ ကလျာတို့ နွယ်နီတို့လည်း လှုပ်လှုပ်ရွရွ ဖြစ်သွားကြပြီး ပြန်ဖို့ ပြင်ကြသည်။ ဗိုက်ဆံရှင်းရန် စားပွဲထိုးကို ခေါ်ဖို့ ဟိုဒီဝေ့ကြည့်နေစဉ်မှာပင် ဟိန်းဇေယျာကိုကိုက-

"ကဲ... နွယ်နီရေ... ငါပြန်လစ်တော့မယ်။ အတန်းချိန် ရှိသေးတယ်ဟ"

"အံ့မယ်... ကြုံတုန်း ဒီပိုင်းလေးကို ဒကာ ခံသွားပါလားဟဲ့"

"ဟင်... ဒီလိုမျိုး ပိုင်းသေးသေးလေးကို ငါက ရှင်းရမယ် ဟုတ်လား။ နားစမ်းပါဟာ။ ဒီမှာ နွယ်နီ... နောက်တခါကျမှ နင်တို့ကို ဆိုင်ကောင်းကောင်းမှာ ရှယ်ပြုစုမယ် ဟုတ်ပြီလား။ အခုတော့ ဒီမဖြစ်စလောက် ပိုင်းလေးကို နင်ပဲ ရှင်းလိုက်ပါဟာ။ ကဲ... ငါသွားပြီ။ မေမိမြဖူးတင် သွားပြီနော်။ နောက်မှ ကိုယ်အဆောင်ကို သက်သက်လာခဲ့ဦးမယ်"

သူက ပြောလည်း ပြော၊ ထိုင်ရာမှလည်း တချိုးတည်း ကပျာကယာ ထလစ်သွားတော့၏။

"ဟော... ကြည့်... သူတိုက်လို့ ကျကွဲသွားတဲ့ ပန်းကန်ဖိုးတောင် လျော်ပေးမသွားဘူး"

နွယ်နီက မကျေမနပ်နှင့် မြည်တွန် တောက်တီးလိုက်သည်။ ကျွန်မက-

"ရပါတယ် နွယ်နီ။ ငါ ဒီပိုင်းကို ရှင်းလိုက်ပါ့မယ်။ ပန်းကန်ဖိုးရော အပါပေါ့"

ကျွန်မလည်း ကျသင့်ငွေ ရှင်းပေးပြီး အတန်းဆီသို့ ထွက်လာခဲ့ကြတော့သည်။ ကျွန်မတို့ အတန်းထဲသို့ ရောက်သွားသော အချိန်တွင် လက်ချာ

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာက ဝင်နေလေပြီ။ ထို့ကြောင့် ကျွန်မတို့လည်း အတန်းနောက်ဘက် ဝင်ပေါက်ဘေးက ခုံမှာပဲ အသာလေး ဝင်ထိုင်လိုက်ရ၏။ ဆရာက စာသင်နေသော်လည်း အတန်းထဲတွင် လူက များများစားစား မရှိပေ။ ကျွန်မတို့ ထိုင်နေသည့် နေရာနှင့် ဘေးဘက် ပြတင်းပေါက်မှ တဆင့် အပြင်သို့ ငေးကြည့်လိုက်တော့ ကော်ရစ်တာတွင် ကျွန်မတို့ အတန်းထဲက ကျောင်းသားတစု မတ်တတ်ရပ်နေကြသည်ကို တွေ့ရ၏။ တချို့ကျောင်းသားများက ကိုယ့်အတွဲနှင့် ကိုယ်ထိုင်နေကြသည်။ တယောက်နှင့် တယောက် ကျီစယ်နောက်ပြောင်ရင်း ရယ်မောနေကြ၏။

အတွဲတတွဲမှ ကောင်မလေးတယောက် ဆိုလျှင် မျက်နှာလေးကို မော့ကာ ပါးချိုင့်လေး ခွက်ဝင်သွားသည်အထိ အဆက်မပြတ် ပြုံးရွှင် ရယ်မောနေသည်ကို တွေ့ရသည်။ ကျွန်မလည်း သူ့ကိုကြည့်ရင်း ဘာလိုလိုနှင့် ကြည်နူးသွားသကဲ့သို့ ခံစားရသည်။ စိတ်ထဲ ရှိသလောက် ရင်ခုန်သံများ လွတ်လပ်စွာ ဖူးပွင့်ခွင့်ရသည့် နယ်မြေသည် တက္ကသိုလ်နယ်မြေပဲ ဖြစ်မည်။

ဟော... ဟော... ကောင်မလေးက ကောင်လေး နှာခေါင်းကို ဆွဲဖျစ်ညှစ်ပြီး နေပြန်ပြီ။ ကောင်လေးက ရုန်းပြီး ကောင်မလေး၏ လက်ကို ဖမ်းကိုင်ဖို့ ကြိုးစားသည်။ ပြီးတော့ ဘာရယ်မဟုတ် နှစ်ယောက်စလုံး တဟားဟားနှင့် အော်ရယ်လိုက်ကြပြန်၏။ ရည်းစားသက္ကရာဇ်၏ အစောဆုံး ကာလများတွင် ရယ်သံများ၊ မျက်ရည်များနှင့် အလွမ်းများသည် လေးနက်သော အကြောင်းပြချက် တစုံတရာ ရှိရန် မလိုပေ။

ကျွန်မ ထိုမြင်ကွင်းများကို ကြည့်ရင်း သူတို့ကို အားကျလာမိသည်ကို ဝန်ခံပါသည်။ 'ငါ ရည်းစားထားရင်ကော ဘယ်လို ဖြစ်မလဲ' ဟု တွေးကြည့်စပြုလာ၏။ သူတို့ကို ငေးကြည့်နေရင်း အတွေးထဲ ဘယ်လောက် နစ်မြောနေသည် မသိ။ ဆုဆု၏ အသံကြားလိုက်ရမှ ဖျတ်ခနဲ လန့်သွား၏။

"ဟဲ့... မေမီ... မေမီ၊ ဩော်... ဘာတွေ ဒီလောက် တွေးနေတာလဲ။ ဟိုမှာ ဆရာ့အချိန် ကုန်သွားပြီ"

ဆုဆုက ပြောလည်း ပြော၊ ကျွန်မ လက်ကိုလည်း တဆက်တည်း မတ်တတ်ထဖို့ ဆွဲလိုက်၏။ ကျွန်မလည်း ရောရောယောင်ယောင်နှင့် အတန်းထဲမှ ထွက်သွားသော ဆရာကို နှုတ်ဆက်လိုက်သည်။

"ဆုဆုရေ နောက်တချိန်က ဘာလဲ၊ ဆက်တက်ဦးမှာလား"

"English စာ အချိန်လေ။ တက်ရမှာပေါ့"

"ဟင်"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ နှာခေါင်းရှုံ့ပြီး မဲ့မဲ့ရွဲ့ရွဲ့ ဖြစ်သွားတော့ ဆုဆုက-

"ဟင်... နင့်ပုံစံက ဘယ်လို ဖြစ်သွားတာလဲ။ တီကောင်ကို ဆားနဲ့ တို့လိုက်လို့ တွန့်လိမ်သွားတာက အခု နင့်ဖြစ်နေပုံကို မမီသေးဘူး"

ဆုဆုနိုင်၏ မျက်နှာကို မဲ့ရွဲ့လျက် ခေါင်းတခါခါ လည်တခါခါဖြင့် ပြောနေသော အမူအရာကို ဂရုမစိုက်အား။ ကျွန်မ ဆန္ဒကိုသာ ထုတ်ဖော်ပြောပြလိုက်မိသည်။

"ငါ အတန်း ဆက်မတက်ချင်တော့ဘူး"

"ဒါဆို အဆောင်ပြန်ကြမှာလား"

"မဟုတ်ဘူး။ ဟိုးမှာ ကြည့်စမ်း"

ကျွန်မက ကော်ရစ်တာများတွင် ဥဒဟို လျှောက်သွားနေကြသော ကျောင်းသား၊ ကျောင်းသူများကို လက်ညှိုး ထိုးပြလိုက်သည်။

"ငါက အဲဒီလို လျှောက်သွားကြည့်ချင်တာ"

"အံမယ်... လျှောက်ပြန်သံပေး လုပ်ချင်နေတယ်ပေါ့လေ။ ရတယ်... ရတယ်...၊ ဒါမျိုးဆို ဆုဆုနိုင်တို့က ကြာသလားလို့... လာ... သွားမယ်။ Video Editing ဆောင်ဘက်ကို သွားကြည့်ရအောင်။ အဲဒီမှာ ငါတို့မြို့က သူငယ်ချင်းတယောက် ရှိတယ်။ အဲဒီက ဘဲလေးတွေ လန်းတယ်တဲ့နော် ဆရာ။ ဟင်..."

ဆုဆုက ပြောရင်း သုတ်ခနဲ လွယ်အိတ်ကို ကောက်လွယ်ကာ မတ်တတ် ရပ်လိုက်နှင့်ပြီးနေပြီ။ Video Editing ဆောင်နှင့် ကျွန်မတို့ ပန်းချီပန်းပုဆောင်က နည်းနည်းလှမ်းသည်။ ထို့ကြောင့် ကျွန်မ စိတ်ကြိုက် ကော်ရစ်တာများတွင် လမ်းအကြာကြီး လျှောက်ခွင့်ရသည်။ ကော်ရစ်တာတိုင်းတွင် ကျောင်းသား၊ ကျောင်းသူများ ရယ်မောနောက်ပြောင်ရင်း ရှေ့က ပြေးသူပြေး၊ နောက်က လိုက်သူလိုက်နှင့် ပျော်စရာ အလွန်ကောင်းလှ၏။ Video Editing ဆောင်သို့ ရောက်သောအခါ ဆုဆုက သူ့ဇာတိ ဝါးခယ်မက သူငယ်ချင်းနှင့် စကားသွားပြောနေခိုက် ကျွန်မ ကော်ရစ်တာတွင် စောင့်နေခဲ့သည်။ကျွန်မလည်း ဘာရယ်မဟုတ် ဟိုဟိုဒီဒီ လျှောက်ကြည့်နေမိ၏။ လေတချက် အဝှေ့တွင် Video Editing အဆောင်ရှေ့မလေးရှား ပိတောက်ပင်မှ ပိတောက်မှုန်များ ဖွားခနဲ ကြွေကျသွားသည်။ မြေပြင်တပိုက် အဝါရောင် ဝတ်ဆံများ ဖွာလန်ကျဲသွား၏။ ကျွန်မက နေရောင်ထိုးနေသော ထိုဝတ်ဆံမှုန်လေးများကို စိတ်လွတ်လပ်စွာဖြင့် ကြည့်နူးစွာ ငေးကြည့်နေမိစဉ်မှာပင်-

"ဟင်... ခင်ဗျား... ခင်ဗျား"

mgyoe.com

mgyoe.com SAMPLE BOOK

အထိတ်တလန့် ရေရွတ်သံကြောင့် ကျွန်မ ခေါင်းကို ဆတ်ခနဲ မော့ကြည့်လိုက်၏။ ကျွန်မကို လက်ညှိုးထိုးကာ အံ့သြတကြီး ဖြစ်နေသည့် သူ့ကို ကျွန်မ ချက်ချင်း မှတ်မိသွားသည်။

သို့သော် ကျွန်မက...

"ဟင်... ရှင်... ရှင်"

ကျွန်မလည်း သူ့ပုံစံအတိုင်း လက်ညှိုးပြန်ထိုးကာ မျက်လုံးပြူးပြီး အံ့သြပြလိုက်သည်။ ကျွန်မ၏ အမူအရာကြောင့် သူက အားရဝမ်းသာဖြင့်-

"ဟုတ်တယ်... ဟုတ်တယ်... ကျွန်တော်ပဲ"

"ဘယ်က ကျွန်တော်လဲ"

"ဟို... ဟို... ကျွန်တော်လေ..."

"ကျွန်တော်ဆိုတာ ဘယ်သူလဲလို့ မေးနေတာလေ"

"ဟင်... ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးလား"

"ဘာကို မှတ်မိရမှာလဲ"

"ဒါနဲ့များ စောစောက ကျွန်တော့်ကို လက်ညှိုးထိုးပြီး ဟင်... ရှင်... ရှင်... ဆိုပြီး ဘာလို့ ပြောရတာလဲ"

"မသိဘူးလေ။ ရှင်ပဲ ကျွန်မကို လက်ညှိုး ထိုးပြီး ဟင်... ခင်ဗျား... ခင်ဗျားဆို။ အဲဒါကြောင့် ကျွန်မလဲ... ဟင်... ရှင်... ရှင်... ပေါ့"

"ဩော်... သဘောပေါက်ပြီ။ ရောင်းသူ ဝယ်သူ အသံတူတဲ့ သဘောပေါ့နော်"

"ဟင်း... ဟင်း... ကျွန်မက ဘာမှ မရောင်းပါဘူး။ တကယ်လို့ ရှင်ရောင်းမယ် ဆိုရင်တော့ ဘာပါလဲ ပြကြည့်လေ ကျွန်မ ကြိုက်ရင် ဝယ်မှာပေါ့။ ကျွန်မတို့ အကြိုက် နေကြာစေ့၊ အချဉ်ထုပ်၊ ဒါမှမဟုတ်..."

"ဟာ... ရှုပ်ကုန်ပါပြီဗျာ။ ခင်ဗျားကို ကျွန်တော်သိတယ်။ ကျွန်တော့်ကို ခင်ဗျားသိလား။ ဟိုတခါ သင်္ဘောပေါ်မှာတုန်းက ကျွန်တော်တို့ ဆုံခဲ့ကြဖူးတယ်။ အဲဒါကို ပြောတာ..."

"ကျွန်မ သိသားပဲ"

"ဒါနဲ့များဗျာ"

"မဟုတ်ဘူးလေ။ ကျွန်မက ရှင့်ကို လူလို့ သိတယ်လို့ ပြောတာ"

သူက ကျွန်မ အပြောကြောင့် စိတ်ရှုပ်သွားဟန်နှင့် ခေါင်းကို တဗျင်းဗျင်း ကုတ်နေသည်။

"ကျွန်တော့်ကို လူ ဆိုတာတော့ လူတိုင်း သိတာပေါ့ဗျာ။ ခင်ဗျား ပြော


mgyoe.com

mgyoe.com SAMPLE BOOK
မှလားဗျ"

"ဟုတ်ပါတယ်။ ရှင်က ကျွန်မ ပြောမှ လူဖြစ်တာ မဟုတ်ပါဘူး။ အစကတည်းက လူဖြစ်ပြီးသားပါ။ ကျွန်မ ပြောတာက... ဟိုဒင်း... ရှင့်နာမည်ကို ကျွန်မ မသိဘူးလို့ ပြောတာ"

သူက ကျွန်မကို မကျေမချမ်းဖြင့် တချက်ကြည့်သည်။ သူ တော်တော်လေး စိတ်ရှုပ်သွားပုံ ရ၏။

"ဒါများ ရှင့်နာမည် ဘယ်သူလဲလို့ တည့်တည့်ကြည့်ပြီး မေးလိုက်ပြီးရော"

ကျွန်မ သူ့အပြောကြောင့် ဖြုန်းဆို သူ့ရှေ့တည့်တည့် မျက်နှာချင်းဆိုင် ရပ်လိုက်၏။ သူက ရုတ်တရက် ဆိုတော့ လန့်သွားကာ နောက်သို့ ခြေတလှမ်း ဆုတ်လိုက်ပြီး-

"ဟ... ဘယ်လို ဖြစ်ရတာလဲဗျ။ ဘာလို့ ရှေ့ကြီးကို တအား တိုးလာရတာလဲ"

"ဟင်... ရှင့်နာမည် မေးမလို့လေ"

"ဒီအတိုင်းမေးလဲ ရသားနဲ့များ"

"မဟုတ်ဘူးလေ။ ရှင်ပဲ တည့်တည့်ကြည့် မေးဆို..."

"ဩော်... ဒုက္ခပါပဲ။ ခင်ဗျားက တော်တော် အနောက်သန်တဲ့ ကောင်မလေးပဲ"

"ဟင် ရှင် မိုက်ရိုင်းလှချေလား"

"ဗျာ... ကျွန်တော် ဘာပြောလို့လဲ။ အစအနောက် သန်တယ်လို့ ပြောတာပါဗျ"

"ရှင်နော်... ရှင် အူကြောင်ကြောင် မလုပ်နဲ့"

"ကျွန်တော့်နာမည်က မြမင်းဟန် တဲ့။ Sculpture တတိယနှစ်က..."

သူနှင့် ကျွန်မက မေဂျာပင် လာတူနေသေး၏။ ကျွန်မလည်း ပန်းပုကပင် ဖြစ်သည်။ သို့သော် ကျွန်မက ပထမနှစ်။ နည်းသည့် ရေစက်တော့ မဟုတ်ချေ။ ပြီးတော့ ကြည့်ဦး..သူ့နာမည်မှာလည်း မြ ဆိုတာ ပါနေသေး၏။

"ဩော်... ဩော်..."

"ဒါနဲ့ ခင်ဗျားနာမည်က"

"ကျွန်မနာမည် မေမိမြဖူးတင်... တဲ့"

ကျွန်မ နာမည်ကို ကြားလျှင် သူ လှောင်ပြောင်တော့မည်ကို ကြိုတင် ခန့်မှန်းမိဟန်ဖြင့် ဘာဖြစ်သေးလဲ ဆိုသည့် အမူအရာ ချိုးလျက် ခပ်တည်တည်


mgyoe.com

mgyoe.com SAMPLE BOOK

ပင် ပြောပြလိုက်သည်။ တချို့ကိစ္စများတွင် မိန်းကလေး ဆိုသည်က ကိုယ်သဘောကျ နှစ်ခြိုက်အထင်ကြီးမိသည့် ယောကျ်ားပျို့ရှေ့တွင်သာ ရှက်တတ်ခြင်း ဖြစ်ပြီး ကျန်လူများ ရှေ့တွင်တော့ ခပ်ရွဲ့ရွဲ့ကလေးပင် ဘုတောလိုက်ချင်မိသည်က သဘာဝပင်။ တကယ်တော့ ကျွန်မ အထင် တက်တက်စင်အောင် လွဲသည်။ သူက-

"လှလိုက်တဲ့ နာမည်လေးဗျာ။ ဗေဒင်ကိန်းဂဏန်းအရ အညွန့်ကို တလူလူ တက်နေတဲ့ နာမည်မျိုးပဲ။ အဟဲ... ကျွန်တော်နဲ့ နာမည်တလုံး တူနေတာကို ကျေနပ်တယ်ဗျာ။ ကျွန်တော် ခင်ဗျားကို လိုက်ရှာနေတာ ကြာပြီဗျ။ ဒီနေ့တော့ ကျွန်တော် ကံကောင်းသွားပြီဗျာ။ တကယ်ဝမ်းသာတယ်"

ကျွန်မကသူ့အပြောကြောင့်မျက်မှောင်ကုတ်ကာရှုတင်းတင်းတချက်ကြည့်လိုက်၏။

"ဟင်... ရှင်က ဘာလို့ ကျွန်မကို လိုက်ရှာနေတာလဲ။ ဘာလဲ ရှင်က ကျွန်မနဲ့ ပညာ ထပ်ပြိုင်ချင်သေးတာလား။ သြော်... သိပြီ... သိပြီ။ ရှင်က မကျေပွဲ ဆင်နွှဲချင်သေးတာကိုး"

"ဟာ... မဟုတ်သေးပါဘူးဗျာ။ ကျွန်တော် ခင်ဗျားနဲ့ ဘာမှလဲ ထပ်မပြိုင်ချင်ဘူး။ ကျေလဲ ကျေအေးပါတယ်။ ကျွန်တော်က ခင်ဗျားနဲ့ ရန်သူတွေ မဖြစ်ချင်ဘူး။ မိတ်ဆွေ အဲ... မဟုတ်သေးပါဘူး။ ဟို... သူငယ်ချင်းတွေ ဖြစ်ချင်တာဗျ"

ကျွန်မက သူ၏ လှိုက်လှိုက်လှဲလှဲ ဖြစ်နေမှုအပေါ်တွင် နည်းနည်း သံသယ ဝင်သွားမိသည်။ ကျွန်မကို တွေ့သည်နှင့် သူက အခုလောက် ပျော်စရာ ဘာအကြောင်းမှ မရှိ။ ခေတ်မိန်းကလေးပီပီ ကျွန်မ သူ့အထာကို နည်းနည်းတော့ ရိပ်မိသွားသည်။ ကျွန်မအတွေး မဆုံးခင်မှာပင် သူ့ဆီမှ နောက်ထပ် စကားလုံး ခြေလှမ်းတခု စတင်လာ၏။

"မြဖူး အဲ... မြဖူး လို့ပဲ ခေါ်မယ်နော်"

ကျွန်မ ထပ်အံ့သြသွားပြန်၏။ မြဖူးတဲ့ တုံးလိုက်တာ။ သို့သော် သူ့ပုံကလည်း အူကြောင်ကြောင်မို့ ကျွန်မ ဘာမှ ပြောချင်စိတ် မရှိတော့။

"မြဖူးက ဘယ်အဆောင်မှာ နေတာလဲဟင်"

"ပန်းယမုံဆောင်မှာ နေတာ"

"ဟိုဟာလေ... မြဖူးဆီကို ကျွန်တော် လာလည်လို့ ရမလားဟင်"

ကျွန်မ သူ့ကို တချက် အကဲခတ်ရပြန်၏။ သေချာပါပြီ။ သူက တမျိုးတော့ တမျိုးပဲ။ ကျွန်မ စိတ်ထဲက တွေးလိုက်မိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ခဏာ ခဏာ မဟုတ်ဘူး ဆိုရင်တော့ လာလည်လို့ ရပါတယ်။ ရိုးရိုးတန်းတန်းပဲ လာမယ် ဆိုရင်ပေါ့"

"ကျွန်တော်ကလဲ ရိုးရိုးတန်းတန်းပဲ လာမှာပါ။ ဟို... ခြေထောက်တဖက် မြှောက်ပြီး ခြေတပေါင်ကျိုး ခုန်ပြီး လာတာတို့၊ လေးဘက်ထောက်ကြီးနဲ့ လာတာတို့၊ ပုဆိုးကြီး ခေါင်းမြီးခြုံပြီး လာတာတော့ မလုပ်ပါဘူး"

"ဟော ကြောင်ပြန်ပြီ။ ရှင် ဘာတွေ လျှောက်ပြောနေတာလဲ။ ရိုးရိုးတန်းတန်း ဆိုတာ သူငယ်ချင်းတွေအဖြစ် ရိုးရိုးလာလည်လို့ ရတယ်လို့ ပြောတာ"

ကျွန်မလည်း အခြေအနေ သိပ်မဟန်သည်နှင့် မယုတ်မလွတ် ပြန်ပြောလိုက်ရ၏။ သူက ကျွန်မ အပြောကို ကျေနပ်သွားပုံနှင့် ဝမ်းသာအားရ ခေါင်းညိတ်ပြပြီး ရီဝေသော မျက်လုံးအစုံဖြင့် ကျွန်မကို မသိမသာ ကြည့်နေသည်။

သေချာပါပြီ။ ဒါဟာ ကျွန်မဆီကို ချဉ်းကပ်လာမယ့် သူ့ရဲ့ ပထမ ခြေလှမ်းပေါ့။

•••


mgyoe.com

mgyoe.com SAMPLE BOOK



ညနေခင်း နေရောင်ခြည်သည် ရွှေအိုရောင် မှုန်မှုန်လေး ဝင်းဝါနေ၏။ တချက်တချက် တိုက်ခတ်လာသော လေပြေညှင်းက ခရေပန်း ရနံ့များကို သယ်ဆောင်လာသည်။

ခပ်ကြမ်းကြမ်း တိုက်လိုက်သော လေပြေတချက်ကြောင့် ခရေပန်းလေး က လေဟုန်စီးကာ မြေပြင်ပေါ်သို့ ဝေ့ဝဲဆင်းသက်လာ၏။ သို့သော် ကျွန်မ သည် ကဗျာဆန်လှသည့် ညနေခင်း အလှကို မခံစားအား။

ခရေပင်အောက် ခုံတန်းလေးပေါ်တွင် ထိုင်ရင်း အဆောင်ရှေ့ လမ်းမ တလျှောက် ဘယ်အချိန် ဘယ်ကာလ ပေါ်လာမည်မှန်း မသိသည့် အသုပ်သည် ကို မျှော်နေမိသည်။ အသုပ်နှင့် မိန်းကလေးသည် ဖက်ရှင်တခုလို ဖြစ်လို့နေ သည်။ မိန်းကလေးမှန်လျှင် အသုပ်ကြိုက်ရမည်ဟု မည်သူကများ ပြဌာန်းခဲ့ သည် မသိ။ ကျွန်မတို့ အဆောင်က မိန်းကလေးများကတော့ အသုပ်သည်ကို သူတို့၏သူရဲကောင်းတပါးလို ကိုးကွယ်ကြသည်။ သူတို့အသုပ်ကြိုက်သည်က အကြောင်းမဟုတ်။ ကျွန်မက ကြားထဲက ကြီးတော်နွား ကျောင်းပေးနေရသလို ဖြစ်နေသည်။

ကျွန်မ စိတ်မရှည်တော့သဖြင့် လက်မှနာရီကို တချက်ကြည့်လိုက်မိ သည်။ ညနေ ၄ နာရီ ၁၀ မိနစ်ခန့် ရှိနေလေပြီ။ ယခုထိ အသုပ်သည် ဆိုတာ အရိပ်အယောင်ပင် မတွေ့ရသေး။

"မေမိရေ အသုပ်သည်ကလဲ အခုထိ မလာသေးဘူးလားဟ"

ဟူသော အသံနှင့်အတူ ဆုဆု ရောက်လာပြီး ကျွန်မ ဘေးနားသို့ ဇွတ်ခနဲ ထိုင်ချလိုက်၏။

"ဟော့အေး မလာသေးဘူး။ ငါလဲ မျှော်နေရတာ လည်ပင်းရှည်နေပြီ။ ရည်းစား ဆိုရင်တောင် အဲဒီလောက် မျှော်ပေးနိုင်မှာ မဟုတ်ဘူး သိလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟယ် နင့်ရည်းစားကလဲ အသုပ်ရောင်းတာပဲလား"

"ဘာတွေ လျှောက်ပြောနေတာလဲ။ ဘာလို့ အသုပ် ရောင်းရမှာလဲ"

"မသိဘူးလေ။ နင်ပဲ စောစောက အသုပ်သည်နဲ့ ရည်းစား ရောပြောတော့ ငါလဲ ရှုပ်သွားတာပေါ့"

"ဘာရည်းစားမှ မရှိဘူးနော်။ မှတ်ထား။ ငါက သဘော ပြောပြတာ"

"ဟုတ်လို့လား"

"တော်စမ်းပါဟာ။ အခုမှ ကျောင်းက တက်ခါစပဲ ရှိသေးတယ်။ ရည်းစား ထားစရာလား"

"ဘာဆိုင်လဲဟ ရည်းစားထားတာများ အချိန်တွေ ဘာတွေ သတ်မှတ်နေစရာ မလိုပါဘူး။ ဘာခက်တာ မှတ်လို့။ ကိုယ့်ကို သဘောကျနေတဲ့ ကောင်လေး တယောက်ကို အဖြေ ပြန်ပေးလိုက်ရင် ရည်းစား ဖြစ်သွားတာပဲ။ လွယ်လွယ်လေး"

"ဟင်... အဲဒီလောက် လွယ်လား"

"ဒါပေါ့ဟ။ ဘာလဲ နင်က ရှေးက အဖွားကြီးတွေလို ရည်းစားနဲ့ လက်ထပ်တဲ့သူ တယောက်တည်း ဖြစ်ချင်တာလား။ အဲဒီခေတ်က ကုန်သွားပြီ သူငယ်ချင်းရဲ့။ ပြီးတော့ သုံးနှစ်သုံးမိုးဆိုတဲ့ ကိစ္စကလဲ ပျင်းစရာကြီးပါဟာ။ ရည်းစား ထားပြီး တွဲကြည့်တယ်။ အဆင်မပြေရင် ဖြတ်လိုက်ရုံပဲ။ အဖြေ မပေးသေးဘဲ စောင့်ကြည့်မယ် ဆိုရင်တော့ ကိုယ့်လူ သူများနောက် ပါသွားပြီသာ မှတ်ပေတော့"

ဆုဆုကတော့ ခပ်တည်တည် အပိုင်ကြီးကို ပြောချလိုက်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ ခေတ်က ကိုယ့်ရည်းစား သူ့ရည်းစား မခွဲခြားတော့သည် သာမက သူ့လင်ကိုယ့်လင်တောင် မခွဲတော့ဘဲ စောင့်စည်းခြင်းသစ္စာဆိုတာ ဘယ်ဆီ ရောက်နေမှန်း မသိသော ကောက်ရိုးပုံထဲက အပ်တချောင်းလို ဖြစ်နေသည်မှာ ကြာလှပြီ။ သို့သော် ကျွန်မက ယဉ်ကျေးမှု လေ့ထုံးစံအရ နည်းနည်းတော့ အထွန့်တက်ချင်မိသေးသည်။

"ဟင်... ဒါဆို အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည် စုပ်ထိုး၊ ဤသုံးချက်မပိုင်၊ နောင်ပြင်ရန် ခက်သည့်အမျိုး ဆိုတာကိုကော နင် ဘာပြောမလဲ"

"ဟာ နင်ကလဲ အိမ်ထောင်မှုတွေ၊ ဘုရားတည်တွေကိုတော့ ငါတို့ အရွယ်နဲ့ ကြီးကြီးကျယ်ကျယ် မဝေဖန်ချင်ပါဘူးဟာ။ ဒါပေမဲ့ အခုခေတ်မှာဆို တက်တူး ထိုးပြီးရင်တော့ လေဆာနဲ့ ဖျက်လို့ ရတဲ့ ခေတ်ဟ... ဟား... ဟား"

"အင်း... ဒါလဲ ဟုတ်တာပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

ဆုဆု၏ အပြောက မှန်တော့လည်း မှန်နေသည်။ ယခုခေတ်တွင် မနာမကျင် တက်တူးထိုး၍ ရသည်မို့ ယောကျ်ားလေးများသာမက မိန်းကလေးများပင် ဖက်ရှင်တခု အနေဖြင့် တက်တူး ထိုးလာကြသည်။ အချစ်ကို ခန္ဓာကိုယ်ပေါ်က လေဆာဖြင့် ဖျက်၍ရသော တက်တူးလို သဘောထားကြသည့်အခါ ခံစားမှုသည် ပြင်လွယ်ပြောင်းလွယ် ပက်သက်မှုတခု ဆိုသည်ထက် မပိုတော့ချေ။

ပြီးတော့ မျက်ခုံးတက်တူး ဆိုသည်မှာလည်း ခေတ်စားနေသေးသည်။ 3D 4D 6D အထိ ရှိသည်။ မလိုချင်တော့သည့် အချိန်တွင် လေဆာဖြင့် အသာအယာ တို့ထိဖျက်ပစ်လိုက်ရုံဖြင့် ပကတိ အသားအတိုင်း ပြန်ရသည့်ခေတ် ဖြစ်သည် မဟုတ်လား။

ကျွန်မက မြမင်းဟန် ဆိုသည့် လူအကြောင်း ဆုဆုကို ပြောပြလိုက်ရာ ဆုဆုက တအံ့တသြဖြင့်-

"ဟယ် ကိုမြမင်းဟန်... ဝါးခယ်မက ကိုမြမင်းဟန် မဟုတ်လား"

"အေးလေ... ဒီလူက အူကြောင်ကြောင်ပါဟာ။ ရုပ်ကတော့ ဖြောင့်ပါတယ်။ ဘာလဲ နင် သူ့ကို သိလို့လား"

ဆုဆုက ကျွန်မ၏ အမေးကို ရှက်စနိုးပြုံးသည်။ ထိုအပြုံးကြောင့် ကျွန်မ ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ ဆုဆုနှင့် သူ တခုခုများ ပတ်သက်ဖူးလေသလားဟု ထင်ပြီး မနာလိုစိတ်လေးလည်း ဖြစ်သွားသေးသည်။

"ဘာလဲဟင်၊ နင်နဲ့ ကြိုက်ဖူးလို့လား"

"နင် ပြောသလို ဖြစ်ရင် ကောင်းမှာပဲဟာ။ ဟီး... တကယ်တော့ သူက ငါ့ရဲ့ Crush ဟ"

ဆုဆုက သူ တဖက်သတ် ချစ်ရသူကို Crush ဟု ခေတ်စကားနှင့် ပြောပြသည်။

"သူကကော"

"ဟားဟား ငါ ၁၀ တန်းနှစ်လောက်တုန်းက စိတ်ကစားတာပါဟာ။ သူက တို့မြို့မှာဆို ပျိုတိုင်းကြိုက်တဲ့ မာလာရှမ်းကော ပွဲကြီးဟ"

"ဟင် နှင်းဆီခိုင်ကြီး မဟုတ်ဘူးလား"

"ဒီခေတ်မှာ နှင်းဆီခိုင်ကို ဘယ်သူကမှ သိပ်မကြိုက်တော့ဘူး။ မာလာရှမ်းကော ပွဲကြီးဆို ကောင်မလေးတိုင်း ကြိုက်တယ်လေ ဟီး"

ကျွန်မနှင့် ဆုဆု ဟိုဒီစကားစပ်မိကြရင်းက ရည်းစားသနာ ကိစ္စအား နှစ်ပွင့်ဆိုင် ဆွေးနွေးနေကြစဉ်မှာပင် ဉပမိရုပ် သန့်သန့်နှင့် လူတယောက်ကာ

mgyoe.com

mgyoe.com SAMPLE BOOK

လက်ထဲတွင် ကျွတ်ကျွတ်အိတ်တလုံး ဆွဲပြီး ကျွန်မတို့ ထိုင်နေရာဆီသို့ လာနေသည်ကို တွေ့လိုက်ရ၏။ ကျွန်မက သွက်လက်စွာဖြင့် မေးလိုက်သည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"

ထိုလူက မျက်မှန်ကို ဟန်ပါပါဖြင့် ချွတ်လိုက်ပြီးနောက်-

"ဪ... ဒီအဆောင်မှာ နေတဲ့ ဝေဝေခင်နဲ့ ခဏ တွေ့လို့ရမလား ခင်ဗျာ"

ဟု ယဉ်ယဉ်ကျေးကျေး မေးသည်။

"ဪ ဝေခင်က ကျောင်းက ပြန်မလာသေးဘူးရှင့်။ ကိစ္စ အရေးကြီးက အထဲက ဧည့်ခန်းမှာ ခဏထိုင်စောင့်နေလို့ ရပါတယ်"

"ဟာ... ဒုက္ခပါပဲဗျာ။ ကျွန်တော်က အလုပ်က ခပ်ရှုပ်ရှုပ် ဆိုတော့ အချိန်တောင် ရပ့ါမလား မသိဘူး။ ကျွန်တော်က အချိန်သိပ်ရှိတာ မဟုတ်ဘူးဗျ"

ဟု ပြောပြီး သူ့လက်မှ စီကိုတံဆိပ်နာရီကို ဟန်ပါပါ မြှောက်ကာ ကြည့်လိုက်၏။ ကျွန်မတို့က ဘာမှ ပြန်မပြောဘဲ ကြောင်ငေးကြည့်နေတော့မှ သူကပဲ ဆက်ပြီး-

"ဝေဝေ့အိမ်က စားစရာတွေ ထည့်ပေးလိုက်လို့ပါဗျာ။ ကျွန်တော်က ရန်ကုန်ကို ပတ်ပို့စ်ကိစ္စနဲ့ လာတာ။ အချိန်က သိပ်ရှိတာ မဟုတ်ဘူး။ သူ့အမေကလဲ ဝေဝေ့ လက်ထဲကို လက်ထိလက်ရောက် ထည့်ပေးဖို့ မှာလိုက်တော့ သိပ်ဝွကျတယ်ဗျာ။ ကျွန်တော့်မှာ အချိန်က သိပ်ရှိတာ မဟုတ်ဘူး"

သူက စကားပြောတိုင်း သူ့မှာ အချိန်မရှိသည့်အကြောင်း အမြဲထည့်ပြောသည်ကို သတိထားလိုက်မိသည်။

အချိန်မရှိဘူး ဆိုတော့ မကြာခင်ပဲ သေတော့မည့် လူများလားဟု အကဲခတ်မိလိုက်တော့လည်း လူက မာမာချာချာကြီး ရှိနေသေးသည်။ ဒါမှမဟုတ် ရထားလက်မှတ်တွေ ဘာတွေ ဝယ်ထားပြီးလို့ အချိန်မမီမှာကို စိုးနေတာလားဟု တွေးလိုက်မိပြီး-

"ဟို... ရှင် ရထားချိန်မမီမှာ စိုးရင်လဲ ကျွန်မကို ပေးခဲ့လို့ ရပါတယ်။ သူ့လက်ထဲ သေသေချာချာ ပေးလိုက်ပ့ါမယ်"

"ဗျာ... ရထားချိန် ဟုတ်လား"

"ဟုတ်တယ်လေ။ ရှင်ပဲ အချိန်မရှိဘူး၊ အချိန်မရှိဘူး ဆိုပြီး ခဏခဏ ပြောတော့ ကျွန်မက ရထားမမီ ဖြစ်နေလားလို့ပါ"

"ဟာ... ဘယ်ကလာ။ ကျွန်တော်က နောက်နေ့ဆို အကြီးကြီး အလုပ်ရှုပ်တော့မှာ။ ပတ်စ်ပို့ကိစ္စ၊ အမေရိကားသွားဖို့ ဗီဇာကိစ္စ၊ ကုမ္ပဏီတွေနဲ့လဲ


mgyoe.com

mgyoe.com

ဆက်သွယ်ရဦးမှာ ဆိုတော့ မအားတော့ဘူး။ အချိန် မရှိတော့ဘူးလို့ ပြောတာပါ။ ဟုတ်ပြီ။ ကျွန်တော် စောစောက ဒီကညီမ ပြောသလိုပဲ ဝေဝေ့ အထုပ်တွေ ပေးထားခဲ့လိုက်မယ်။ ဖြစ်တယ်နော် ok"

"အင်း ဖြစ်ပါတယ်... ပေး"

ဟု ကျွန်မက ပြောရင်း တဆက်တည်း လှမ်းယူလိုက်သည်။ သူက ကျွန်မကို ပြုံးပြပြီး -

"ဒီက ညီမလေးနာမည်က ဘယ်သူလဲဟင်"

"မေမိပါ"

"ဪ မေမိတဲ့လား၊ နာမည်လေးက သိပ်လှတာပဲနော်။ ကိုယ့်နာမည်လဲ မှတ်ထားလိုက်ဦး။ လူခန့်ဇော်..."

ထိုသူ၏ ရုပ်က ဖြောင့်ဖြောင့်၊ နှာတံ စင်းစင်း၊ အရပ်က ရှည်ရှည်၊ ကိုယ်ဟန် မတ်မတ်၊ ဘေးခွဲဆံပင်တို့နှင့် တကယ်ပဲ လူကြီးလူကောင်းရုပ် ထွက်နေသည်။ သူ့ဆီက နာမည်လေးက သိပ်လှတာပဲနော် ဆိုသော ခုနစ်ဆွေးရှစ်ဆွေးက ကောင်မလေးကို ပိုးပန်းသယောင် မထိခလုတ် ထိခလုတ် တောစကားကြီးသာ မထွက်လာခဲ့လျှင် ကောင်းမှာပဲဟု ကျွန်မ တွေးလိုက်မိသေးသည်။

ဒီလိုပုံစံနှင့် အမေရိကားသွားမှာဆိုတော့ ဟုတ်လောက်ပါတယ်လေ။

ကျွန်မက စိတ်ထဲကနေ ထပ်ပြီး အတည်ပြုလိုက်မိပြန်၏။

"ကဲ... ညီမလေး ကိုယ်ပြန်မယ်။ ကိုယ် အမေရိကား မသွားခင်တော့ လာခဲ့ပါဦးမယ်။ See You"

ကြော့ကြော့မော့မော့နှင့် လှမ်းထွက်သွားသော ထိုလူကို ကျွန်မက ဘာရယ်မဟုတ် ငေးကြည့်နေမိ၏။ ကျွန်မ မျက်လုံးထဲတွင် ဘာကြောင့်မှန်းမသိ ကိုလူခန့်ဇော်နှင့် ကိုမြမင်းဟန်ကို ယှဉ်ပြီး မြင်ယောင်ကြည့်မိသွားသည်။ ဆုဆုကတော့ ကျွန်မကို တံတောင်ဖြင့် အသာအယာ တွတ်ရင်း-

"ငါ မျက်လုံးတွေပဲ မကောင်းတော့တာလား။ ဘဲတွေ အားလုံးကပဲ ချောနေကြတာလား မခွဲတတ်တော့ဘူး။ ငါ့မျက်စိထဲတော့ သူတို့တွေ သိပ်ကို ချောမော ခံ့ညားနေကြတယ်ဟယ်။ ဟိ..ဟိ"

ဆုဆုက လူခန့်ဇော်ကို မျက်စိတဆုံး ငေးကြည့်ပြီး ပြုံးဖြီးဖြီးကြီးလုပ်နေ၏။ ကျွန်မက-

"မနက်ဖြန် ငါတို့ မေဂျာမှာ ဖရက်ရှာပဲကမ်း ရှိတယ်နော်... ဆုဆု"

"အေးလေ... ဟုတ်တယ်။ နင် ကွင်းရမှာ မေမိရဲ့၊ ငါတို့ အပြတ်ပြင်ပြီး သွားကြမယ်"

mgyoe.com SAMPLE BOOK

ကျွန်မ ဆုဆု၏ အပြောကြောင့် ခဏငေးငိုင်သွားမိသည်။ ကျွန်မက-

"ဟင့်အင်း ငါ မသွားတော့ပါဘူး ဆုဆုရယ်"

"ဟင်... ဘာလို့လဲ၊ နင် ကွင်းရမှာ ဒီလောက် သေချာနေတာ ဘာလို့ မသွားရမှာလဲ"

ကျွန်မက သက်ပြင်းချရင်း ဆုဆုကို ကြည့်လိုက်သည်။

"ကွင်းရတော့ကော ဘာများ ပိုထူးသွားမှာ ဟုတ်လို့လဲဟယ်။ ပြီးတော့ ငါ့အခြေအနေက အဲဒီကွင်း ဆိုတဲ့ ဘွဲ့ကို ထောက်ပံ့ပေးနိုင်တဲ့ အင်အား ငါ့မှာ မရှိဘူး"

ဆုဆုက ကျွန်မ ပြောသည်ကို နားမလည်နိုင်သလိုမျိုး မျက်လုံးလေး ကလယ်လယ်ဖြင့် ကြည့်နေပြီးတော့

"အဲဒါ ဘာကို ပြောတာလဲ။ ငါ နားမလည်ဘူး မေမိ"

"ဒီလိုလေ လူဆိုတာ တခါတလေမှာ ကိုယ့်အခြေအနေနဲ့ အံမဝင်ဘဲ ရလာတဲ့ အခွင့်အရေးတွေ ရှိတတ်တယ်။ ဥပမာ ဆိုပါတော့၊ ဖိနပ်ဆိုဒ် နံပါတ် ၄၀ စီးတဲ့ လူတယောက်ဆီကို ဆိုဒ် ၃၈ ပဲ ရှိတဲ့ ရှူးဖိနပ်တရန် လက်ဆောင် ရလာတာမျိုးပေါ့။ ပြီးတော့ Large size ဝတ်တဲ့ လူတယောက်ဆီကို Small size လက်ဆောင်ရသလိုမျိုးပေါ့"

ဆုဆုက ကျွန်မ ပြောသည်ကို စိတ်ဝင်တစား နားထောင်နေ၏။

"ဆုဆု စဉ်းစားကြည့်၊ လက်ဆောင်ရတဲ့ ဖိနပ်ကို ကိုယ်ပိုင်သွားပြီ၊ ဒါ ကိုယ့်အခွင့်အရေးပဲ ဆိုပြီး စီးကြည့်။ ခြေထောက်တွေ နာပြီး ပေါက်ပြဲကုန်မှာ ပေါ့။ ကိုယ်နဲ့ မတော်တဲ့ အင်္ကျီဆိုဒ်ကို ဝတ်ရင်လဲ အသက်ရှူတွေ ကျပ်ပြီး နေရထိုင်ရ ခက်နေမှာပေါ့ မဟုတ်ဘူးလား"

"နေပါဦး မေမိရယ်။ အခု နင် ပြောနေတာနဲ့ ကွင်းနဲ့ ဘာဆိုင်လို့လဲဟ။ လူက အစကတည်းက ဂေါက်ချင်နေတာနော်။ သွက်သွက်ခါအောင် မလုပ်နဲ့"

"ငါ့အတွက် အဲဒီကွင်း ဆိုတဲ့ ဘွဲ့ဟာ ကိုယ်နဲ့ မတော်တဲ့ ဖိနပ်တရန် လက်ဆောင် ရသလို၊ ကိုယ်နဲ့ သေးနေတဲ့ အင်္ကျီတထည် လက်ဆောင် ရသလို ဖြစ်နေမှာလို့ ပြောတာ"

ဆုဆုက ခေါင်းကို ကုတ်လိုက်ရင်း-

"ငါပဲ တုံးလွန်းတာလား မသိဘူး။ ငါ နားမလည်သေးဘူး"

ကျွန်မက အဝေးကြီးကို ငေးကြည့်ရင်း ငြိမ်သက်နေမိသည်။ လမ်းမ တလျှောက် လူသူကင်းရှင်းနေပြီး နေရောင် အလင်းဖြာတွေက တလမ်းလုံး ပြည့် ဖြန့်ခင်းထားသည်။ ကျွန်မက ဆက်ပြောလိုက်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

"ရှင်းရှင်းလေးပါ ဆုဆုရယ်။ အဲဒီ ကွင်းဆိုတဲ့ ဘွဲ့နဲ့ ငါနဲ့ မတန်ဘူးလို့ ပြောတာပါ။ ငါ့မှာ ကွင်းဖြစ်ထိုက်တဲ့ ရုပ်ရည်လေးက လွဲရင် တခြားဘာမှ မရှိဘူးလို့ ပြောတာ။ ငါ့အိမ်က ငါ့ကို ကျောင်းထားရတာတောင် မနည်းခြစ်ကုတ်ပြီး ထားရတာ။ ငါက သူများထက်သာတဲ့ အဝတ်အစား မဝတ်နိုင်ဘူး။ သူများထက်သာတဲ့အသုံးအဆောင်တွေငါမသုံးနိုင်ဘူး။အဲဒီလိုမရှိခြင်းတွေအတွက် ငါ မပင်ပန်းချင်ဘူး။ တခုခုကို ပိုင်ဆိုင်လိုက်ရလို့ ငါ့အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်မယ် ဆိုရင် အစကတည်းက လက်လွှတ် ဆုံးရှုံးခံလိုက်မယ်"

ဆုဆုလည်း အခုမှ ကျွန်မ ပြောသည်ကို သဘောပေါက်သွားပုံ ရသည်။ ကျွန်မမှာ သူများတွေလို နားကပ် တရန်က လွဲပြီး တခြားဘာလက်ဝတ်လက်စားမှ ဝတ်မထားသည်ကို ဆုဆု အခုမှ သတိထားမိသွားပြီ ထင်ပါရဲ့။ ကျွန်မကို သိမ်းကျုံးကြည့်ပြီး ကျွန်မ လက်လေးကို ဆုတ်ကိုင်လိုက်၏။

"အေးပါ၊ ငါ နားလည်ပါပြီ မေမီရယ်။ နင် မသွားရင် ငါလဲ မသွားတော့ဘူးနော်"

ကျွန်မက ပြုံးပြလိုက်မိသည်ထင်၏။ သို့သော် ကျွန်မ အပြုံးတွေထဲတွင် တခုခုကို နှမြောတသနေသည့် အရိပ်တွေ ထင်မနေဘူး ဆိုသည်ကိုတော့ ကျွန်မ အာမ မခံနိုင်ပါ။

ကျွန်မလည်း မိန်းကလေး တယောက်ပဲ။ ကျွန်မလည်း တက္ကသိုလ်မှာ ကွင်း ဖြစ်ချင်တာပေါ့...။ ဒါပေမဲ့ ဘဝဆိုတာ အိပ်မက်မက်နေရုံနဲ့မှ မပြီးတာ...။

ဆုဆုက မှိုင်သွားသော ကျွန်မကို တမင် စကားလမ်းကြောင်း ပြောင်းပေးသည့် ထင်ပါရဲ့။ သူက ပေါ့ပေါ့ပါးပါး စကားစလာသည်။

"ဩော်... ကွင်းဆိုလို့ ငါ ပြောပြဦးမယ်။ ကိုမြမင်းဟန်ကလဲ ပထမနှစ်တုန်းက ကင်းပဲဟ"

"ဟင်... ဟုတ်လား"

ကျွန်မ သည်တခါတော့ ဘာကို ကျေနပ်မှန်းမသိ ကျေကျေနပ်နပ် ပြုံးလိုက်မိသည်။ ကျွန်မ ကျေနပ်သွားသည်ကို ရှင်တို့လဲ ခံစားမိမည် ဆိုလျှင် ကျွန်မက ပြုံးရုံ ပြန်ပြုံးပြလိုက်ပါမည်။

* * *

mgyoe.com

mgyoe.com



သည်နေ့ ကျွန်မ အတန်းချိန် စောပြီးသောကြောင့် အဆောင်မှာပင် အေးအေးဆေးဆေး အနားယူကာ အိပ်ရာပေါ်တွင် လှန်လိုက်မှောက်လိုက် လုပ်ရင်း ဖိမ်ယူနေစဉ် အခန်းရှေ့မှ -

"မေမီရေ ဧည့်သည်"

ဆိုသည့် အသံကို ကြားလိုက်ရသဖြင့် ကျွန်မ အိပ်ရာပေါ်မှ မထချင် ထချင်နှင့် ထလိုက်ပြီး အဆောင်ရှေ့သို့ ထွက်လာလိုက်သည်။

အဆောင်ရှေ့ ခုံတန်းလျားပေါ်တွင်ကား နှင်းဆီပန်းနီနီ တစည်းကို တယုတယ ကိုင်ကာ ထိုင်နေသော ကိုမြမင်းဟန်ကို တွေ့လိုက်ရသည်။ ဒီတခေါက်နှင့်ပါ ဆိုလျှင် သူ အဆောင်ကို လာလာနေသည်မှာ တလအတွင်းမှာပင် ဆယ်ခါထက် မနည်းတော့။

"ကိုမြမင်းဟန်... ဘာကိစ္စ ရှိပြန်ပြီလဲ"

ကျွန်မ ထိုသို့ ဆီးမေးရသည်မှာလည်း အကြောင်းရှိသည်။ သူက ကျွန်မဆီ တခါလာတိုင်း ကိစ္စတခုတခု အမြဲ ပါလာတတ်သည်။

မြဖူး ကြိုက်တတ်တဲ့ မုန့်လေးတွေလို့ ဝယ်လာပြီး လာပို့တာ တမျိုး၊ ဒီမှာလေ မြဖူးသိပ်ကြိုက်တဲ့ ဝတ္ထုစာအုပ် အသစ်ထွက်တာနဲ့ လာဝင်ပေးတာ... တဖုံ၊ ကိုယ်လေ ဒီနားက သူငယ်ချင်း တယောက်ဆီကို လာရင်း လမ်းကြုံလို့ ဝင်လာတာက တသွယ်...

စသဖြင့် မရိုးနိုင်အောင် အကြောင်းအမျိုးမျိုး ပြကာ လာလာနေသည်။

"ဩော်... မြဖူးရယ် ကျွန်တော်က ကိစ္စရှိမှ လာရမှာလားဟင်"

လူပုံကြည့်တော့ ရိုးပုံရိုးလက်နှင့်။ ရှပ်အင်္ကျီနှင့် ချည်ချောပုဆိုးကိုသာ အမြဲဝတ်ဆင်တတ်သည့် သူ့ပုံစံသည် တကယ်ကို လူရိုးလူအေးတယောက် ဖြစ်ပြီး အကျင့်သီလ ကောင်းပုံတော့ ပေါက်သည်။

သို့သော် ကျွန်မက သူ အခုလို အဆောင်ကို တစွတ်စွတ် လာနေသည်

mgyoe.com

mgyoe.com SAMPLE BOOK

ကိုတော့ နည်းနည်းလေးမှ ကြည့်မရ။ ကြည့်မရတာထက် အဆောင်က ဝိုင်းကြည့်ကြမည့် မျက်လုံးများ၏ ဒဏ်ကို ကျွန်မ ခံနိုင်ရည် မရှိချေ။ ကျွန်မ စိတ်ထဲ ရှက်သလိုလို ဘာလိုလိုနှင့် တမျိုးကြီး ခံစားနေရသည်။

"ရှင့်ကို ခဏခဏ မလာနဲ့လို့ ကျွန်မ ပြောထားတယ်လေ"

"ဟုတ်ပါတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော် မြဖူးကို စိတ်မချတော့ဘူး"

"ဟင်... စိတ်မချရအောင် ကျွန်မကို ပြန်ပေးဆွဲမယ်တို့၊ ဘာတို့ သတင်းအစအနများ ရှင် ရထားလို့လားဟင်"

"အဲဒါထက် ပိုဆိုးတယ် မြဖူးရဲ့။ ပြန်ပေးဆွဲရင်တောင်မှ ကိုယ့်ဘက်က ငွေပေးလိုက်ရင် မြဖူးကို ပြန်ရဦးမယ်။ အခုဟာ ကိုယ်တသက်လုံး မြဖူးကို ဆုံးရှုံးသွားတော့မယ့်ကိစ္စ"

"ဟင် ဒါဆို သူတို့က ကျွန်မကို ပြန်ပေးဆွဲပြီး သတ်ပစ်ကြတော့မယ်တဲ့လား။ ဘုရား... ဘုရား"

ကျွန်မ ရင်ဘက်ကို လက်ဖြင့် အသာဖိလျက် ငေါ့လိုက်သည်။

"ဟာ... မြဖူးရယ်၊ ကျွန်တော် ပြောတာလေးလဲ ဆုံးအောင် နားထောင်ပေးပါဦး။ တောင်းပန်ပါတယ်"

ကျွန်မက ပြောလေ ဆိုသည့်ဟန်နှင့် မေးကို ဆတ်ပြလိုက်သည်။

"အခုတလော မြဖူးဆီကို တခြားယောက်ျားလေး ဧည့်သည်တွေ ခဏခဏ လာနေကြတယ်ဆို။ ကျွန်တော်က မြဖူးနဲ့ ပတ်သက်တဲ့ သတင်းတွေ အားလုံးကို လိုက်ပြီး စုံစမ်းနေတဲ့ ကောင်ပါဗျာ။ အဲဒီလို ကြားလိုက်ရတော့ ဟောဒီ ကျွန်တော့် ရင်ဘတ်ထဲက အသည်းနှလုံး အခိုင်လိုက်ကြီး ပြုတ်ခနဲ ပြုတ်ထွက်သွားမတတ် စိုးရိမ်သွားမိတယ်ဗျာ"

သူပြောတာ ဟုတ်တော့လည်း ဟုတ်သည်။ နွယ်နီတို့သူငယ်ချင်း ကွန်ပျူတာတက္ကသိုလ်က သူဌေးသား ဟိန်းဇေယျာကိုကိုလည်း မကြာခဏ ဆိုသလို ကားတစီးနှင့် ပေါက်ချလာတတ်သည်။

ပြီးတော့ အမေရိကားသွားမည့် ကိုလူခန့်ဇော်ကလည်း ကြိုကြားကြိုကြား ရောက်လာတတ်၏။ လူခန့်ဇော်က ဝေခင်ကို အကြောင်းပြကာ ကျွန်မဆီ လာနေသည်မှန်း ဝေခင် ရိပ်မိသွားသဖြင့် ဝေခင်က ကျွန်မကိုပင် စကားကောင်းကောင်း မပြောတော့ချေ။ ဝေခင်က လူခန့်ဇော်ကို ကြိတ်ကြိုက်နေသူ ဖြစ်သည်။ လူကြီးမိဘချင်းလည်း ရင်းနှီးသောကြောင့် တနေ့ကျလျှင် ဝေခင်သည် သူနှင့် လူခန့်ဇော်ကို ပေးစားကြမည်ဟု တထစ်ချ ယုံကြည်ထားပုံ ရသည်။

ကျွန်မက ကိုမြမင်းဟန်ကို ခပ်တည်တည် ကြည့်ကာ-


mgyoe.com

mgyoe.com SAMPLE BOOK

"အဲဒီတော့ ရှင်က ဘာဖြစ်ကောလဲ"

"ရော့... ဒီမှာ မြဖူးအတွက် ကျွန်တော့်ရဲ့ လက်ဆောင်"

သူက ကျွန်မ ရှေ့သို့ သူ့လက်ထဲတွင် ကိုင်ထားသည့် အနီရောင်ပန်း တစည်းကို ကမ်းပေးလိုက်၏။

"ဟင်... ရှင် ဒါ ဘာသဘောလဲ။ နှင်းဆီပန်းကိုတောင်မှ အနီရောင် ရွေးပေးတယ် ဆိုတော့ နှင်းဆီပန်း အနီပေးတာ ရှင် မရိုးတော့ဘူး ထင်တယ်။ နှင်းဆီပန်း အနီရောင် ပေးတယ် ဆိုတာ ချစ်ရေးဆိုတဲ့ အဓိပ္ပါယ်ပဲလို့ ကျွန်မ စာအုပ် တအုပ်ထဲမှာ ဖတ်ဖူးတယ်"

ကျွန်မ သူ့ကို စေ့စေ့စိုက်ကြည့်ပြီး ပြောလိုက်၏။ သူက ခေါင်းကုတ် သလို၊ နားထင်စပ်ကို ကုတ်သလိုလိုနှင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး တစုံ တရာကို တထိုင်တည်း ဆုံးဖြတ်လိုက်ဟန်နှင့်...။

"ဟုတ်တယ်။ ကျွန်တော် မညာချင်တော့ဘူး။ ကျွန်တော် မြဖူးကို ချစ် တယ်။ ပြီးတော့..."

သူ့စကားပင် မဆုံးလိုက်။ ရုတ်တရက် လမ်းပေါ်မှ လူသံများကို ကြား လိုက်ရသည်။

"ဟင်... ခွေးရူးလား မသိဘူး။ လမ်းပေါ်က လူတွေ ဝေးဝေးရှောင်နေ ကြဟေ့"

"ဟာ... ဟုတ်တယ် ဟုတ်တယ်။ ခွေးက ရူးနေတာပဲ ဖြစ်မယ်"

"ခွေးရူးဟဲ့... ခွေးရူး။ ဟိုမှာ ကြည့်ပါလား သွားရည်တွေ တမြားမြားနဲ့"

"ဟဲ့ ကလေးတွေ အိမ်ထဲ ဝင်နေကြစမ်း"

"ဟာ... ခွေးရူးတကောင် လမ်းပေါ် လျှောက်ပြေးနေတယ်ဟေ့၊ သတိ ထားကြ"

ထိုသို့ လူများ၏ ဝရုန်းသုန်းကား အော်သံများနှင့် တဆက်တည်း ခွေး ညိုကြီး တကောင်က တရကြမ်း ပြေးလာနေ၏။

ထိုခွေးကြီးသည် ဟိုတခါက နှင်းခင်နောက်က လိုက်သည့် ခွေးမှန်း ကျွန်မ သတိထားလိုက်မိသည်။ လမ်းကြိုလမ်းကြားထဲမှ တချို့လူများက ခွေး ကို လောက်လေးခွနှင့် ပစ်နေကြသည်။ တဖောက်ဖောက် မြည်သံများနှင့်အတူ လောက်စာလုံးများ လမ်းပေါ် ပြန့်ကျဲသွား၏။ ခွေးက လုံးလုံးမဖြုံ။

သူဦးတည်ရာက ကျွန်မဆီသို့သာ။ ရုတ်တရက်မို့ ကျွန်မ အရမ်းကြောက် သွားပြီး ထိုင်နေရာမှ ဝုန်းခနဲ ထရပ်မိသည်။ ခွေးကလည်း တဟုန်ထိုး ပြေးအကိုက်

"အမယ်လေး"

mgyoe.com

mgyoe.com SAMPLE BOOK

"ဝေး"

"မြဖူး"

"ကဲကွာ"

"အား"

"ဟင်... ကိုမြမင်းဟန်"

ကျွန်မက ကြောက်ကြောက်လန့်လန့်နှင့် ထိုင်ရာမှ အထတွင် ထဘီတုပ်ကာ လဲကျသွားသည်။ ပြေးလာသည့် ခွေး၏ လမ်းကြောင်းပေါ် တည့်တည့်တွင် လှဲချပေးသကဲ့သို့ ဖြစ်သွား၏။ ခွေးက ပါးစပ်ကို ဖြဲပြီး မာန်ဖီလိုက်သည်။ ကိုမြမင်းဟန်က ကျွန်မကို သိမ်းပွေ့ပြီး သူ၏ လက်ဖျံနှင့် ခွေးကို ရိုက်လိုက်သည်။ မာန်ဖီနေသော ခွေးက သူ၏ လက်မောင်းသားကို အားရပါးရ ခဲပစ်လိုက်၏။ အသားများ ပဲ့ပါသွားသလားဟု ထင်ရသည်။

သွေးများ ရဲခနဲ ဖြာထွက်သွားသည်။ ထိုအခါမှ ခွေးကလည်း ပြန်လှည့်သွား၏။

"ကိုမြမင်းဟန်... ရှင်... ရှင် တော်တော် နာသွားလားဟင်"

"အား... ကျွတ်... ကျွတ်"

သူက လက်မောင်းကို ဆုပ်ကိုင်ပြီး တချက် ညည်းညူလိုက်၏။ ကျွန်မ စိတ်မကောင်း ဖြစ်သွားသည်။ အခုတခါ ဆိုလျှင် သူ့ကို ကျွန်မက သွေးထွက်သံယို ဖြစ်ပြီး နာကျင်အောင် လုပ်မိခဲ့သည်က နှစ်ကြိမ် ရှိနေပြီ။

"ဟော့ ခွေးကိုက်မိသွားပြီလား"

"ဆေးခန်းကို မြန်မြန်သွားမှ ဖြစ်မယ် ထင်တယ်။ ခွေးက ရူးမှန်း ကောင်းမှန်း မသိ"

အနီးအနားရှိ တယောက်တပေါက် ပြောသံများ ထွက်လာသည်။ ကျွန်မက-

"ဘာမှ စိတ်မပူနဲ့နော်။ ကျွန်မ ရှင့်ကို ဆေးခန်း လိုက်ပို့ပေးမယ် သိလား။ ပြီးတော့ ခွေးရူးကာကွယ်ဆေးလဲ ထိုးပေးမယ်နော်"

ကျွန်မစကား ဆုံးတော့ ကိုမြမင်းဟန် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ပြီးနောက် လေသံ တိုးတိုးလေးဖြင့်-

"ဟို... ချက်ပတ်ပတ်လည်မှာ ဆယ့်လေးလုံး ထိုးရမှာလားဟင်"

ကျွန်မ ခေါင်းညိတ်ပြလိုက်သည်။ သူ့မျက်နှာလေး မှိုင်ကျသွား၏။

* * *

mgyoe.com

mgyoe.com

SAMPLE BOOK

# အခန်း ( ၆ )

ကျွန်မနှင့် ကိုမြမင်းဟန် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံ၏ OPD ဌာနကို ရောက်လာသောအခါ လူနာ အနည်းငယ် များနေ၏။

သည်နေ့နှင့် ဆိုလျှင် ကိုမြမင်းဟန် ဆေးထိုးရသည်က တပတ် ရှိသွားပြီ။ တော်သေးသည်ဟု ပြောရမည်။ ဟိုခွေးအညိုကြီးက မရူးသေး။ မလိုက်သည့် အချိန်မို့ မာန်ဖီကာ ထိန်းမရ ဖြစ်နေခြင်းပင်။ ကိုမြမင်းဟန်က အနည်းငယ် ကြောက်ရွံ့ဟန်နှင့် မျက်လုံးလေးကို ပေကလပ် ပေကလပ် လုပ်နေသည်။ OPD အခန်းထဲမှာလည်း အခြားလူနာများနှင့် ပြည့်နေသည်မို့ ကျွန်မတို့ အခန်းအပြင်ဘက်တွင် ရပ်စောင့်နေရသည်။

"ကိုမြမင်းဟန် သိပ်နာနေပြီလားဟင်"

သူက မိုက်ကိုဖိရင်း မသိမသာ သက်ပြင်းကြိတ်ချသည်။

"နာတော့ နာတာပေါ့ မြဖူးရယ်။ ဒါပေမဲ့ မြဖူးနဲ့ အခုလို နှစ်ယောက်အတူသွားရတော့လဲ ဟိုဟာလေ... အဲ... ကျွန်တော် ပျော်ပါတယ်။ အား... ကျွတ်... ကျွတ်"

ကျွန်မလည်း 'သူ အရမ်းနာနေမှာပဲ' ဟု တွေးပြီး တော်တော် စိတ်မကောင်း ဖြစ်သွားမိသည်။ ထိုစဉ် OPD ထဲမှ ကိုမြမင်းဟန်ဟု ခေါ်သံကြားလိုက်ရသည်။ ကိုမြမင်းဟန် ခန္ဓာကိုယ်က တွန့်ခနဲ ဖြစ်သွား၏။

"ဟော... ခေါ်နေပြီ သွားရအောင်နော်"

ကျွန်မလည်း သူ့ကို အသာအယာ တွဲထူပြီးနောက် OPD ထဲသို့ ဝင်သွားလိုက်သည်။ ထိုသို့ ဝင်သွားသည့် အချိန်မှာပင် ကိုမြမင်းဟန်၏ မျက်နှာလေးသည် ဒန့်သလွန်ရွက်ပမာ (ဒန့်သလွန်ရွက်က ဖီးရွက်ထက် ပိုသေးသည်)၊ အမေပျောက်သည့် ခွေးငယ်လေးပမာ သေးကွေးအားငယ်သွား၏။ ဖြစ်နိုင်လျှင် သူက ထိုနေရာမှ နိုင်ငံခြားကားထဲက ကိုယ်ပျောက်ဆေး ထိုးထားသည့် လူလို ဝုန်းခနဲ ပျောက်ကွယ်သွားချင်ဟန် ရှိသည်။

mgyoe.com